**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည်အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၇၈)

၁၃၈၆ ခုနှစ်၊ နယုန်လကွယ်နေ့
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ သောကြာနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာဗျူဟာမိတ်ဖက်နိုင်ငံများဖြစ်ပြီး

**စာမျက်နှာ ၁၆ ကော်လံ ၃ ★**




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၅ ရက်)

# ပြည်သူများ၏အကျိုးစီးပွားထိခိုက်မှု

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်တွင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏လူ့အခွင့်အရေးချိုးဖောက်မှုများ၌ အပြည်ပြည်ဆိုင်ရာဘဏ်များ၊ ပြည်တွင်းနိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်အချို့မှပါဝင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အရေးယူပေးရန်တောင်းဆိုမှုများဖော်ပြထားပါသည်။ အဆိုပါထုတ်ပြန်ချက်မှာ မြန်မာနိုင်ငံရှိအများပြည်သူများ၏အကျိုးစီးပွားကိုပျက်စီးအောင် လုပ်ဆောင်သည့်သဘောဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးအပေါ်တွင် လူ့အခွင့်အရေးကိစ္စများနှင့်ပတ်သက်၍ ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်သုံးသပ်ပြီး မှန်ကန်တိကျသောအချက်အလက်များနှင့် တရားမျှတစွာထုတ်ဖော်ပြောကြားရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ မမှန်ကန်သောအချက်အလက်များ၊ အခြေအမြစ်မရှိသောအကြောင်းကိစ္စများဖြင့် စွပ်စွဲပြစ်တင်ဖော်ပြချက်များ အမျိုးမျိုးအဖုံဖုံပြုလုပ်လျက်ရှိသည်မှာစိတ်ပျက်ဖွယ်ကောင်းလှသည်။

မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံတော်အစိုးရကိုဆန့်ကျင်တိုက်ခိုက်လျက်ရှိသူများ၏လုပ်ရပ်များကို လူ့အခွင့်အရေးကောင်စီက မသိကျိုးကျွန်ပြုလျက်ရှိသည်။ ယခုထုတ်ပြန်ခဲ့သည့် အစီရင်ခံစာသည်လည်း မြန်မာပြည်သူလူထု၏ကောင်းကျိုးစီးပွားကိုပျက်စီးနစ်နာအောင် လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံးအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကချမှတ်ထားသည့်ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏အချက်အလက်များအား သေချာစွာစိစစ်ရယူပြီးတိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည်။ နိုင်ငံပိုင်ဘဏ်များအပါအဝင် ပြည်တွင်းဘဏ်များအားလုံး၏ နိုင်ငံတကာဆက်သွယ်ချိတ်ဆက်ထားသောဘဏ်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ပြည်တွင်း/ပြည်ပငွေကြေးလွှဲပြောင်းမှုများကိုဆောင်ရွက်ပေးရာတွင် လိုအပ်သည့်အထောက်အထားများအားရယူ၍ အလေးထားစိစစ်လုပ်ကိုင်ခြင်းကိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(FATF)၏ စံသတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာတိုးတက်မှုအစီရင်ခံစာများကို အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (APJG) သို့ တင်ပြချက်များနှင့် မျက်နှာချင်းဆိုင်အစည်းအဝေးတွင် ဆွေးနွေးပြောဆိုချက်များအရ FATF နှင့် APJG တို့ကအသိအမှတ်ပြုထားပြီး နှစ်စဉ်စံနှုန်းသတ်မှတ်ချက်အဆင့်များ တိုးမြှင့်ပေးခဲ့ခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၄ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းပြည်ပငွေကြေးလွှဲပြောင်းမှုများတွင်လည်း မြန်မာနိုင်ငံသားများအတွက် အဓိကမရှိမဖြစ်လိုအပ်သောအခြေခံကုန်စည်များဖြစ်သည့် ဆေးနှင့်ဆေးအထောက်အကူပြုပစ္စည်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဓာတ်မြေဩဇာများ၊ စက်သုံးဆီ၊ စားသုံးဆီများတင်သွင်းမှုများအတွက်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဘဏ်များအနေဖြင့် ယင်းကုန်စည်များတင်သွင်းခြင်းအတွက် ငွေပေးချေမှုများပြုလုပ်ရာတွင် ကုန်သွယ်မှုဆိုင်ရာ သက်သေခံစာရွက်စာတမ်းအထောက်အထားများရယူ၍စိစစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့စနစ်တကျဆောင်ရွက်နေပါလျက် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် မမှန်မကန်ထုတ်ပြန်ခြင်းမှာ တရားမျှတမှုမရှိကြောင်းထင်ရှားလှသည်။ မြန်မာနိုင်ငံ၏အခြေအနေမှန်များကို သိရှိအောင်ကြိုးစားဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံအတွင်းရှိဘဏ်များနှင့်ပတ်သက်၍ ငွေရေးကြေးရေးဆိုင်ရာအကြောင်းကိစ္စများကိုလူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေမှုများတွေ့နေရခြင်းအပေါ် အခြေခံထုတ်ပြန်ခြင်းမျိုးသာဖြစ်သည်။ လူ့အခွင့်အရေးကောင်စီ၏အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ဖိအားပေးမှုများတိုးမြှင့်လာပြီး နိုင်ငံတကာနှင့်ဆက်ဆံရေးပျက်ပြားလာအောင် မြန်မာနိုင်ငံအားဆန့်ကျင်နေသည့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏အချက်အလက်များ၊ လူမှုကွန်ရက်များပေါ်မှ မမှန်ကန်သည့်သတင်းအချက်အလက်များ၊ ပုံကြီးချဲ့ကားသတင်းများဖြင့် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ဘဏ်များနှင့်ပတ်သက်သည့်အစီရင်ခံစာထုတ်ပြန်လာမှုကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ပြင်းထန်စွာကန့်ကွက်ကြောင်းကို ဇွန်လ ၂၈ ရက်နေ့ကအသိပေးထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကို မြန်မာနိုင်ငံရှိ အဖွဲ့အစည်းအသီးသီးကကြိုဆိုထောက်ခံကြောင်းကို ဇွန်လ ၂၉ ရက်တွင် သဘောထားများထုတ်ပြန်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့်လယ်ယာကဏ္ဍကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးတို့ကို တစ်ထောင့်တစ်နေရာမှ အကျိုးပြုနေသောနိုင်ငံဖြစ်သည်။ တောင်သူလယ်သမားများနှင့် ပုဂ္ဂလိကလယ်ယာစီးပွားရေး လုပ်ငန်းများအားလုံးသည် ဘဏ်လုပ်ငန်းများ၏လယ်ယာသားငါးထုတ်လုပ်ရေးအတွက် ချေးငွေများ၊ ကျေးလက်ဖွံ့ဖြိုးရေးချေးငွေများ၊ အသေးစားချေးငွေများအပါအဝင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကိုရယူ၍ လုပ်ငန်းများကိုဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတကာမှလယ်ယာထွက်ကုန်ဝယ်ယူသူများ၏ နိုင်ငံတကာဘဏ်များသည်လည်း မြန်မာနိုင်ငံရှိဘဏ်များနှင့်နိုင်ငံတကာဘဏ်လုပ်ငန်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အနှစ်ချုပ်ဆိုရသော် ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ထုတ်ပြန်ချက်သည် ပြည်သူများ၏အကျိုးစီးပွား ထိခိုက်နစ်နာမှုဖြစ်စေသည့်အတွက် မြန်မာနိုင်ငံရှိအဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်ကိုကြိုဆိုပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )




" Cooperatives Build a Better Future for All "

"အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး"

ကျွန်းစု၊ လှူဒါန်းရေး

# ကျွန်းစုမြို့နယ် ပဲယာကျေးရွာ၌တောင်သူများအား သွင်းအားစုပေးအပ်

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ညောင်ဘီးကျေးရွာအုပ်စု ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာဖြစ်သည့် ပဲယာကျေးရွာ၌ ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် တောင်သူများအားသွင်းအားစုပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့်တာဝန်ရှိသူများက ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာဖြစ်သည့် ပဲယာကျေးရွာမှ တောင်သူ ၄၀ ဦးအား မျိုးစေ့ချကိရိယာ၊ မျိုးစပါးဆင်းသုခမျိုးစေ့နှင့် သဘာဝမြေဩဇာများကို ပေးအပ်သည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၃၀၅၄ ဧက စိုက်ပျိုးနိုင်ရေးလျာထားလျက်ရှိရာ ယခုလက်ရှိအချိန်တွင် ဧက ၂၅၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်းနှင့် ကျွန်းစုမြို့နယ်တွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများဖြစ်သည့် မောင်းလော့ကျေးရွာ၊ မင်းဂုတ်ကျေးရွာနှင့် ပဲယာကျေးရွာတို့ရှိ တောင်သူများအား နှစ်အလိုက် သွင်းအားစုများကို ပေးအပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၅-၇-၂၀၂၄(သောကြာနေ့)

**မြဝတီရုပ်မြင်သံကြား**

- ၁။ ၆း၀၂ နိုင်ငံတော်သီချင်း
- ၂။ ၇း၂၅ ဓမ္မပူဇာတေး
- ၃။ ၇း၃၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၅။ ၈း၂၅ နှစ်(၇၀)ကျော်ကြားတေးများ
- ၆။ ၁၀း၅၀ ကျန်းမာသုတ
- ၇။ ၁၁း၄၀ Sport Review
- ၈။ ၁၂း၁၅ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
- ၉။ ၁၈း၁၅ အတွေးအမြင်
- ၁၀။ ၁၈း၂၅ ခံစားတွေ့ကြုံတပ်မတော်သား ဘဝအဖုံဖုံ
- ၁၁။ ၁၈း၄၅ Sharing Knowledge
- ၁၂။ ၁၉း၀၀ (၃၈)ဖြာမင်္ဂလာ
- ၁၃။ ညစာနာရီသတင်းအပြီး နိုင်ငံတကာသတင်း
- ၁၄။ မိုးလေဝသသတင်း
- ၁၅။ ခရီးလည်းသွားစကားလည်းဆို
- ၁၆။ တရားတော်

**MWD Variety Channel**

- ၁။ ၉း၃၅ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း
- ၂။ ၁၁း၅၅ Countries of the World
- ၃။ ၁၄း၃၈ ကျန်းမာသောဘဝ
- ၄။ ၁၆း၃၀ လူငယ်ရှေ့ရေး အတွေးကမ္ဘာ
- ၅။ ၁၈း၃၆ Wishes For You
- ၆။ ၂၁း၃၃ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဇူလိုင် ၄

# နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် ချောင်းမကြီးဆည်၏ ရေဝေရေလဲဧရိယာ၌ကျင်းပသည်။



အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများနှင့် ဘဏ်ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုမျှတကောင်းမွန်စေခြင်း၊ ဂေဟစနစ်ကိုထိန်းသိမ်းနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားလာစေခြင်း၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောထွက်ပစ္စည်းများမှ လူနှင့်တိရစ္ဆာန်များအတွက် စားရေရိက္ခာရရှိခြင်း စသည်ဖြင့် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း၊ စိုက်ပျိုးပြီး သစ်ပင်ပန်းပင်များကို ရေရှည်စိမ်းလန်းစိုပြည်ရှင်သန်စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ်အဖြစ် ဇကရာဇ်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကျွန်း၊ သစ်ပိတောက်၊ ကုက္ကို၊ စိန်ပန်း၊ ငု၊ ရင်းမာ၊ သစ်ပုပ်နှင့် မန်ကျည်း စုစုပေါင်း ပျိုးပင် ၁၀၀၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇော်ဂျီတွင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများအတွက် စာရေးကိရိယာများ၊ စာအုပ်များလှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အမှာစကားပြောကြားကာ ပညာရေးအကျိုးပြုစာအုပ်များ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စု မအူလေးပင်ကျေးရွာရှိ ပညာ့မဏ္ဍိုင်ကျေးရွာစာကြည့်တိုက်အတွင်း စာအုပ်၊ စာစောင်များထားရှိမှုနှင့် ကျေးရွာပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များပေးအပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် တောင်ညိုအုပ်စု မရမ်းခုံကျေးရွာရှိ စိုက်ပျိုးရေးအသိပညာပေးစင်တာ၌ တောင်သူများနှင့်တွေ့ဆုံ၍ စပါးအပါအဝင် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားတိုးတက်လာစေရေးမှာကြားသည်။

ဆက်လက်၍ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် မရမ်းခုံကျေးရွာတွင် တီမွေးမြူရေးကန်ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များက မရမ်းခုံကျေးရွာမှတောင်သူများအား နေကြာမျိုးစေ့များ၊ မျိုးစေ့ချကိရိယာ (Seeder) များနှင့် သွင်းအားစုဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအုပ်စု ဇလောင်းကျေးရွာရှိ တောင်သူဦးထွန်းဝေ၏ လယ်ယာမြေတွင် မိုးစပါးစိုက်ပျိုးထားရှိမှုနှင့် EMဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်ထားမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# ကတင်ကျေးရွာ သမဝါယမဝါစိုက်ခင်းများရေရရှိရေးဆောင်ရွက်မှု ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကတင်ကျေးရွာရှိ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ ဝါစိုက်အသင်းသားတောင်သူများ၏ စိုက်ဧက ၂၁၀ စိုက်ပျိုးရေရရှိရေးအတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တွင်းတိမ်ခုနစ်တွင်း တူးဖော်ဆောင်ရွက်ပေးခဲ့ရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်တွင် အဆိုပါနေရာကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကတင်ကျေးရွာ ကုန်ထုတ်လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ ရွှေစင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ စိုက်ဧက ၂၁၁ ဧကတွင် ရွှေတောင်-၁၀ ဝါမျိုးများ စိုက်ပျိုးနေသော အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ ဝါအထွက်နှုန်းတိုးရေးနှင့် အဆင့်မီချည်ထည်များထုတ်လုပ်နိုင်ရေးမှာကြားကာ ရမည်းသင်းမြို့နယ် နွားပွဲဈေးသို့သွားရောက်၍ ဒေသနွားမွေးမြူထားရှိမှု၊ ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရမည်းသင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အင်ကြင်းကန်-အုတ်ဖိုကြံပင်-ထန်းတော ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် သမဝါယမအသင်းစုချုပ်သို့သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တပ်ကုန်းမြို့နယ်အတွင်း စိုက်ပျိုးရေးသမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသော နွေစပါး၊ မိုးစပါး စိုက်ပျိုးရေးလုပ်ငန်း၊ ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုကုန်ကြမ်းသီးနှံဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားကြောင်းသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းဆောင်ရွက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ဇူလိုင်လ ၁ ရက် ညနေပိုင်းက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်နိုင်ရေး၊ ဒေသရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံမျိုးများပြောင်းလဲအသုံးပြုနိုင်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးထုတ်လုပ်သည့် ဧရိယာတိုးတက်လာရေး၊ မြစ်ရေတင်လုပ်ငန်းများကိုဘဏ္ဍာရေးနှစ်အလိုက် တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး၊ ရေချိုအရင်းအမြစ်များရှာဖွေဖော်ထုတ်၍ ဆီထွက်သီးနှံနှင့်စက်မှုကုန်ကြမ်းသီးနှံ ဝါစိုက်ဧကတိုးချဲ့ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးသည်။

ဇူလိုင်လ ၂ ရက်တွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာနပိုင် တမာပိုးသတ်ဆေးစက်ရုံကို ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Myanma Pesticides Industry Co.,Ltd. ၏ တမာပိုးသတ်ဆေးထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ရေနံချောင်းမြို့နယ်၊ စလင်းမြို့နယ်နှင့်ဆိပ်ဖြူမြို့နယ်တို့မှ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ ကုန်ထုတ်စွမ်းအားနှင့် ဝင်ငွေတိုးတက်ရေးဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါး၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးထောက်ပံ့ပေးနေမှု၊ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးဖြစ်ထွန်းသည့်ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်နိုင်မည့်အခွင့်အလမ်းများ၊ ဝန်ကြီးဌာန၏ နည်းပညာနှင့်အကူအညီများဆောင်ရွက်ပေးနေမှုတို့ကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ချောက်မြို့နယ် ငွေးချို အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ရောက်ရှိ၍ စိုက်ပျိုးမွေးမြူရေး ကျောင်းသူ၊ ကျောင်းသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ကျောင်းသုံးစာအုပ်များ၊ အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် မကျီးတိုင်းကျေးရွာအနီးရှိ ကြက်မောက်တောင်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပေးဝေနေမှုကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ် ညောင်ပင်သာကျေးရွာရှိ ကောင်းထက်စံ နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူထားရှိမှု၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှုနှင့် ဒိန်ချဉ်၊ နို့ဆီနှင့် နို့စိမ်းများထုတ်လုပ်ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၇)အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆည်ရေများလေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့်အကျိုးရှိထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မိတ္ထီလာစက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၏ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်သင်တန်း၊ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု(အထူး)သင်တန်း၊ အခြားအဖွဲ့အစည်းများနှင့်ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းနှင့် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းဖွင့်လှစ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများကို အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေချိုကိုတန်ပိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)



ဘီလူးချောင်းအမှတ်(၁) ဓာတ်အားပေးစက်ရုံ (၂၈ မဂ္ဂါဝပ်)

**ယမန်နေ့မှအဆက်**

**ကင်းတား၏ကျေးဇူးများ**

ဆည်တာတမံတစ်ခုကပေးသောကျေးဇူးကို ကင်းတားဆည်ဖြင့် နမူနာပြပါမည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) သည် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းတွင် လယ်ယာမြေဟောင်းများပြုပြင်ခြင်း၊ လယ်ယာမြေသစ်များဖော်ထုတ်ပေးခြင်း၊ ရေကြီးရေလျှံမှုကာကွယ်ခြင်းဟူသော လုပ်ငန်းသုံးမျိုးအတွက် ဂျပန်နိုင်ငံပင်လယ်ရပ်ခြားပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ODA) ခေါင်းစဉ်ဖြင့် ဂျပန်ယန်း ၃၀၈၁ သန်း (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၃ သန်း)ကို အတိုးနှုန်း ၂ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၁၀ နှစ်ဆိုင်းငံ့၊ နှစ် ၃၀ ပြန်ဆပ်အစီအစဉ်ဖြင့်ချေးငှားပေးခဲ့သည်။

စီမံကိန်းမဆောင်ရွက်မီကာလနှင့် စီမံကိန်းဆောင်ရွက်ပြီးနောက် ၂၀၀၁ ခုနှစ် စက်တင်ဘာလအတွင်း ကွာခြားသွားသောစီးပွားရေးအခြေအနေကို JICA က ၂၀၀၂ ခုနှစ် စက်တင်ဘာလတွင် အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။


အစီရင်ခံစာအရ ၁၉၈၀ ပြည့်နှစ် စီမံကိန်းမစမီနှင့် ၂၀၀၀ ပြည့်နှစ်အထိနှိုင်းယှဉ်၍ စီမံကိန်းကြောင့် ဒေသတစ်ခုလုံးတွင် ကောက်ပဲသီးနှံများဆတိုးထွက်ရှိလာကြောင်း သက်သေပြခဲ့သည်။

ဤဒေသတွင် စပါး၊ ဝါ၊ ကြက်သွန်၊ ငရုတ်၊ နှမ်း အစရှိသည်တို့ကို ရာသီအလိုက်စိုက်ပျိုးကြသည်။ ကွာဟမှုမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကင်းတားဆည်ရေသောက် သီးနှံအထွက်နှုန်း နှိုင်းယှဉ်ချက်**

| သီးနှံ | ထွက်ရှိတန်ချိန် | | ပိုမိုထွက်ရှိမှု(အဆ) |
|---|---|---|---|
| | ၁၉၈၀ ခုနှစ် | ၂၀၀၀ ပြည့်နှစ် | |
| စပါး | ၃၈၈၀၀ | ၂၀၉၀၀၀ | ၅. ၄ |
| တခြားသီးနှံ | ၂၄၆၀၀ | ၄၇၀၀၀ | ၁. ၉ |
| စုစုပေါင်း | ၆၃၄၀၀ | ၂၅၆၀၀၀ | (ပျမ်းမျှ) ၄ |

**ကင်းတားဆည်မတည်ဆောက်မီနှင့် တည်ဆောက်ပြီး သီးနှံအထွက်နှုန်းနှိုင်းယှဉ်ချက်**




အဆိုပါအစီရင်ခံစာအရ ပျမ်းမျှသီးနှံထွက်ရှိမှု လေးဆတိုးခဲ့သည်ဟု ဖော်ပြထားသည်။ တခြားရေလှောင်တမံများတွင်လည်း ဤကဲ့သို့ ဆန်းစစ်ထားမှုများရှိသည်။ နမူနာအဖြစ် ကင်းတားဘက်စုံရေလှောင်တမံ၏ကိန်းဂဏန်းများကိုသာ တင်ပြခြင်းဖြစ်သည်။


ပြန်လည်ပြည့်ဖြိုးမြဲရေအသုံးချမှုတွင် လျှပ်စစ်၊ ဆည်မြောင်း၊ စည်ပင်သာယာရေပေးဝေရေးကိစ္စများမှာ ဆက်စပ်နေသဖြင့် ဤအခန်းတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ လျှပ်စစ်ကဏ္ဍမှ ဘီလူးချောင်းစက်ရုံ အမှတ်(၁)ကို ဆက်ပါဦးမည်။

**ဘီလူးချောင်းအမှတ်(၁) ဓာတ်အားပေးစက်ရုံစီမံကိန်း**

ဤစက်ရုံသည် ဘီလူးချောင်းပေါ်ရှိ စက်ရုံသုံးဆင့်အနက် အပေါ်ဆုံးစက်ရုံဖြစ်သည်။ ယင်းစက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်နိုင်ရေး မိုးဗြဲရေလှောင်တမံကို တည်ဆောက်ခဲ့ကြောင်း အသေးစိတ်ကို ရှေ့တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါအစီအစဉ်အရ ဘီလူးချောင်းအမှတ်(၁) ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး ကြိုတင်ပြင်ဆင်မှုများကို ၁၉၈၃ ခုနှစ်ခန့်မှစတင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ကြိုတင်ပြင်ဆင်မှုများပြီးစီး၍ လုပ်ငန်းများ အင်တိုက်အားတိုက်စတင်ခဲ့သည်။ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ပထမစက်တစ်လုံးနှင့် ဩဂုတ်လ ၁၁ ရက်တွင် ဒုတိယစက်တစ်လုံး စတင်လည်ပတ်နိုင်ခဲ့သည်။ စုစုပေါင်းတပ်ဆင်အင်အားမှာ ၂၈ မဂ္ဂါဝပ် (၁၄×၂) ဖြစ်သည်။ နှစ်စဉ် ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း (ယူနစ်သန်း) ၂၀၀ ထုတ်လုပ်ပေးနေသည့်စက်ရုံဖြစ်သည်။




**အင်းလေးကန်၊ မိုးဗြဲဆည်နှင့် ဘီလူးချောင်းစက်ရုံသုံးဆင့် အခြေပြပုံ**

ဘီလူးချောင်းတစ်လျှောက်တွင် ရေငုတ် (Sinkhole) များရှိနေ၍ မူလဘီလူးချောင်းကိုရှောင်ကာ အလျား ၆ ဒသမ ၁ မိုင် (၉ ကီလိုမီတာခန့်) ရှည်သော ကွန်ကရစ်ရေသွယ်မြောင်း ပြုလုပ်သွယ်ယူပြီး စက်ရုံကိုလည်ပတ်စေသည်။ ယင်းစက်ရုံမှထွက်ရှိလာသောရေကို ဘီလူးချောင်းအမှတ်(၂) ဓာတ်အားပေးစက်ရုံ ရေသွယ်မြောင်းထဲသို့ တိုက်ရိုက်ထည့်သွင်းခဲ့သည့်အတွက် မိုးဗြဲရေလှောင်တမံမှရေသည် ရာနှုန်းပြည့် စက်ရုံများဆီသို့ ရောက်ရှိခဲ့သည်။

ရေပျောက်ဆုံးမှုရှိသောဘီလူးချောင်း ၆ မိုင်ခန့်ကိုရှောင်၍ သီးခြားရေသွယ်မြောင်းဖြင့် သွယ်ယူသွားရသည်အထိ ရေကို အကျိုးရှိရှိ အထိရောက်ဆုံးဖြစ်အောင်အသုံးချခဲ့သည့်စီမံကိန်းဖြစ်၍ နမူနာယူစရာဖြစ်သည်။

ဤစီမံကိန်းသည် ၁၉၉၂ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလတွင်ဖွင့်လှစ်ခဲ့သည့် စီမံကိန်းဖြစ်သော်လည်း ဤစီမံကိန်း၏ အဓိကကျသောအပိုင်းများသည် လမ်းစဉ်ပါတီခေတ်တွင် ဆောင်ရွက်ခဲ့မှုများဖြစ်သည့်အတွက် ၁၉၈၈ ခုနှစ်မတိုင်မီ စီမံကိန်းများ အကြောင်းတွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း လမ်းစဉ်ပါတီအစိုးရ တာဝန်ယူခဲ့သည့်ကာလသည် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးသည့်ကာလဖြစ်ခဲ့သည်။ နိုင်ငံတွင် စိုက်ပျိုးရေး၊ သောက်သုံးရေ၊ လျှပ်စစ်ဓာတ်အား ဤသုံးမျိုးသည် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်ကိုလည်း သိရှိခဲ့ကြသည်။

ရှေ့အခန်းများတွင်ဖော်ပြခဲ့သော ရန်ကုန်မြို့ ရေပေးဝေရေးအတွက် ဖူးကြီးရေလှောင်တမံကို တည်ဆောက်ပေးခဲ့သည်။ အလားတူပင် နိုင်ငံတစ်ဝန်း မိုးရေလုံလောက်စွာမရရှိသည့်ဒေသများတွင် တာတမံများ၊ ရေလွှဲဆည်များတည်ဆောက်ပေးခဲ့သည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ မိုးရာသီတွင် ရေကြီးရေလျှံဖြစ်ပြီး နွေရာသီတွင် ပင်လယ်ဆားငန်ရည်တိုးဝင်၍ စိုက်ပျိုးရေးမလုပ်နိုင်သော မြေဧကပေါင်းများစွာကို အကာအကွယ်ပေးနိုင်ခဲ့သည်။ ရေထိန်းတံခါးများဖြင့် စနစ်တကျဆောင်ရွက်ပေးခဲ့သည်။

သို့သော် ရေအားလျှပ်စစ်ကဏ္ဍတွင်မူ ဖော်ပြခဲ့သည့်လုပ်ငန်းကြီးများကိုသာ ဆောင်ရွက်နိုင်ခဲ့သည်။ ဤသည်မှာ အကြောင်းတရားနှစ်ချက်ကြောင့်ဟု ဆိုနိုင်သည်။ **ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး**

## ၂၀၂၄ ခုနှစ် ခြောက်လတာကာလအတွင်း စည်းကမ်းလိုက်နာမှုအားနည်းသည့် YBS ယာဉ်မောင်းများကို အရေးယူဆောင်ရွက်သည့်အမှုပေါင်း သုံးသောင်းကျော်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်မောင်းများ၏ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာကာလအတွင်း အရေးယူဆောင်ရွက်သည့်အမှုပေါင်း သုံးသောင်းကျော်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ သိရသည်။

ယင်းကာလအတွင်း အရေးယူဆောင်ရွက်မှုများမှာ မှတ်သားဖမ်းဆီးမှု ၃၁၇၆၄ မှု၊ တိုင်ကြားမှု (Call Center) ၄၀၉ မှု၊ Facebook အမှုသုံးမှု၊ မီးနီဖြတ်မောင်းနှင်မှု ၁၈၂ မှု၊ သတ်မှတ်ကီလိုမီတာထက်ကျော်လွန်မောင်းနှင်မှု ၁၃၃၀၊ သတ်မှတ်လမ်းကြောင်းအတိုင်းမမောင်းနှင်မှု ၂၅၅ မှု၊ မဆင်မခြင်မောင်းနှင်မှု ၁၇၉ မှု၊ နယ်ကျော်မောင်းနှင်မှုတစ်မှု၊ ရပ်နားချိန်ကြန့်ကြာမှု ၁၀၆ မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး ယှဉ်ပြိုင်ကျော်တက်မောင်းနှင်မှု ၃၂၉ မှု၊ မချေမငံပြောဆိုမှုနှစ်မှုနှင့် တခြားအမှု ၅၄ မှု စုစုပေါင်း ၃၄၆၁၄ မှုဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ YRTC ရဲ့ရည်မှန်းချက်က ဘေးကင်းလုံခြုံပြီး ဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူပို့ဆောင်ရေးကဏ္ဍကို ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီရည်မှန်းချက်ကို အကောင်အထည်ဖော်တဲ့အခါမှာ စည်းကမ်းချိုးဖောက်တဲ့ YBS ယာဉ်မောင်းတွေကို အရေးယူမှုတွေ ပြုလုပ်ရပါတယ်။ ဇန်နဝါရီလကနေ ဇွန်လအထိ ခြောက်လတာကာလအတွင်းမှာ အရေးယူဆောင်ရွက်မှုပေါင်း ၃၄၆၁၄ မှုရှိပါတယ်။ မှတ်သားဖမ်းဆီးမှု ၃၁၀၀၀ ကျော်မှာ မှတ်တိုင်စနစ်တကျမရပ်တာတွေ၊ ဘေးတံခါးဖွင့်မောင်းတာတွေ၊ ဘေးတံခါးဖွင့်မောင်းလို့ ခရီးသည်ပြုတ်ကျတာတွေ၊ သေဆုံးတာတွေ ပါဝင်ပါတယ်။ ဒီနှစ်ထဲမှာ နှစ်မှုရှိပါတယ်။ ဒါကြောင့် စည်းကမ်းမလိုက်နာဘဲ စည်းကမ်းချိုးဖောက်တဲ့ယာဉ်မောင်းတွေကို အရေးယူရတာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

YBS ယာဉ်မောင်းများနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို YRTC ၏ပြစ်ဒဏ် ၁၃၈ ချက်နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယာဉ်အကူပါရှိမှု၊ ယာဉ်စီးခပိုမိုတောင်းခံမှု၊ ယာဉ်မတော်တဆမှု၊ စီစီတီဗွီဖုံးကွယ်ထားမှု၊ စီစီတီဗွီ၏ဆက်စပ်ပစ္စည်းများပျက်စီးပျောက်ဆုံးမှု၊ ခရီးစဉ်မှတ်တမ်းမပါရှိမှု၊ နယ်ကျော်ပြေးဆွဲမှုနှင့် YRTC မှထုတ်ပေးထားသည့် ID ကတ်မပါရှိမှုတို့ကိုလည်း အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝန်းရုံခ**

နေပြည်တော် ဇူလိုင် ၄

# ၂၀၂၅ ဘဏ္ဍာနှစ် ပထမသုံးလပတ်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ၃၄ ရာခိုင်နှုန်းကျဆင်း

အိန္ဒိယသမ္မတနိုင်ငံ၌ ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူနှင့်ဆန်ကွဲများ ပြည်ပသို့တင်ပို့မှု တားမြစ်ပိတ်ပင်လိုက်ပြီး ပေါင်းဆန်များအပေါ်တွင်လည်း အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံလိုက်ပြီးနောက် လက်ရှိဘဏ္ဍာရေးနှစ် ဧပြီလမှ ဇွန်လအတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ ၂ သန်း ရာခိုင်နှုန်းအားဖြင့် ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုပမာဏ တန်ချိန် ၃၀၀၀၀၀ ခန့် ရာခိုင်နှုန်းအားဖြင့် ၇၈ ရာခိုင်နှုန်း၊ ဆန်ကွဲ ၃၀၀၀၀၀ တန် ရာခိုင်နှုန်းအားဖြင့် ၈ ရာခိုင်နှုန်းနှင့် ပေါင်းဆန် ၁၅၀၀၀၀ တန် ရာခိုင်နှုန်းအားဖြင့် ၁၁ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့သည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ပြည်တွင်း၌ ကြက်နှင့် တိရစ္ဆာန်အစာများ လုံလောက်စွာ သုံးစွဲနိုင်ရန်အတွက် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆန်ကွဲတင်ပို့မှုအား ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရန်နှင့် အယ်နီညိုကြောင့် မိုးရွာသွန်းမှုကိုထိခိုက်ခဲ့ပြီး အကျိုးဆက်အနေဖြင့် ဆန်အထွက်နှုန်း ကျဆင်းခဲ့ခြင်းကြောင့် တောင်သူများအား သင့်လျော်သည့်ဈေးနှုန်းဖြင့် ခွင့်ပြုနေပြီး တစ်ဖက်တွင်လည်း စားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်မှုမှ ကာကွယ်နိုင်ရန်အလို့ငှာ ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတင်ပို့မှုအပေါ် တားမြစ်မှုအား ယခင်နှစ်ဇူလိုင်လကကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပေါင်းဆန်တင်ပို့မှုအပေါ် အခွန် ၂၀ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး ဘာစမာတီဆန်အတွက် ပုံသေကြမ်းခင်းဈေးနှုန်းအား ယခင်နှစ်က သတ်မှတ်ခဲ့ကြောင်း၊ ကုန်အမှတ်တံဆိပ်လွဲမှားစွာ တင်ပို့မှုများမှကာကွယ်ရန်အတွက် ယမန်နှစ် ဩဂုတ်လက ဘာစမာတီဆန်တင်ပို့မှုအတွက် အနိမ့်ဆုံးဈေးနှုန်းကို တစ်တန်လျှင် ၁၂၀၀ ဒေါ်လာသတ်မှတ်ခဲ့ပြီး အောက်တိုဘာလတွင် တစ်တန်လျှင် ဒေါ်လာ ၉၅၀ အထိ ကျဆင်းသွားခဲ့သည်။ ဧပြီလမှ ဇွန်လအထိ တင်ပို့မှုမှာ ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ချိန် ၁ ဒသမ ၁ သန်းအထိရှိခဲ့ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၂၂ ဒသမ ၈ သန်းတင်ပို့ခဲ့ပြီး ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဘာစမာတီဆန်မဟုတ်သော ဆန်ဖြူတန်ချိန် ၂ ဒသမ ၃၆ သန်း၊ ဆန်ကွဲ ၅၄၅၀၀၀ တန်နှင့် ပေါင်းဆန်တန်ချိန် ၇ ဒသမ ၅၇ သန်း စုစုပေါင်း ဆန်တန်ချိန် ၁၅ ဒသမ ၇ သန်းကိုတင်ပို့ခဲ့ရာ အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဆန်ထုတ်လုပ်သည့်နိုင်ငံဖြစ်ကာ ဆန်တင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုမပြုလုပ်မီအချိန်ထိ ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင် အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့်ပါဝင်လျက် ကမ္ဘာပေါ်တွင် ဆန်အများဆုံးတင်ပို့သည့်နိုင်ငံဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ တင်ဒါခေါ်ယူမှုတွင် ဆန်တင်ပို့သူများအား ပါဝင်ဆောင်ရွက်ခွင့်မပြုခြင်းနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံအနေဖြင့် လူအများ၏တုံ့ပြန်မှုများကို ရင်ဆိုင်ကြုံတွေ့လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် အဆိုပါတားဆီးပိတ်ပင်မှုများအား အဆုံးသတ်သင့်ကြောင်းနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအား အသိပေးဆောင်ရွက်သင့်သည်ဟု ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၃) ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် အမေရိကန်နိုင်ငံမှပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရန် လိုအပ်ချက်ရှိနေသည့်နိုင်ငံအချို့သို့ တားမြစ်ထားသောဆန်များ၏ ပမာဏအချို့ကို အစိုးရအချင်းချင်း သဘောတူညီမှုဖြင့်တင်ပို့ရန် ခြွင်းချက်အနေဖြင့် ခွင့်ပြုထားသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ လူသားချင်းစာနာထောက်ထားမှုအစီအစဉ်အောက်မှ စားနပ်ရိက္ခာဝယ်ယူမှုများအတွက် ပို့ကုန်တင်ပို့မှုကန့်သတ်ချက်များမှ ကင်းလွတ်ခွင့်ပြုပေးရန် ဂျီနီဗာမြို့၌ ၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ ဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် အိန္ဒိယနိုင်ငံသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ပို့ကုန်တင်ပို့မှုကန့်သတ်ချက်များချမှတ်ခြင်းနှင့်စပ်လျဉ်းပြီး လုပ်သာကိုင်သာရှိလိုသည့်အတွက် ကနဦးတွင် (၁၂)ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကို လိုက်နာလိုခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းတွင်မူ လိုက်နာဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ ပြည်တွင်းစားနပ်ရိက္ခာပြတ်လပ်မှုမဖြစ်စေရေးအတွက် ကြိုးစားခဲ့ခြင်းသာမဟုတ်ဘဲ ကမ္ဘာ့ဈေးကွက်တွင် ဆန်ပြတ်လပ်မှုဖြစ်မည်ကိုလည်း ပူပန်ခဲ့ခြင်းဖြစ်ပြီး အကျိုးဆက်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် စားနပ်ရိက္ခာတင်သွင်းမှုများအပေါ် မှီခိုရမှုကိုဖြစ်စေခဲ့ကြောင်း နိုင်ငံတကာကုန်သွယ်ရေးမူဝါဒနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ကျွမ်းကျင်ပညာရှင်က ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ပရေးရာဝန်ကြီးဌာန၊ စားနပ်ရိက္ခာနှင့် ပြည်သူ့ဖြန့်ချိရေးဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြောရေးဆိုခွင့်ရှိသူများထံသို့ မေးခွန်းများ ပေးပို့ခဲ့သော်လည်း သတင်းစာရှင်းလင်းပွဲပြုလုပ်ချိန်တွင် ၎င်းတို့မှ ပြန်လည်ဖြေကြားခဲ့ခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။ ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် ဆန်တင်ပို့ရောင်းချသူများအသင်းအပါအဝင် အသင်းအဖွဲ့များအနေဖြင့် ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူနှင့် ဆန်ကွဲတင်ပို့မှုအပေါ် တားမြစ်ပိတ်ပင်မှုများအား ဖယ်ရှားပေးရန်နှင့် ပုံသေနှုန်းထားတစ်ခုဖြင့် အခွန်ကောက်ခံပြီး သဘော်ာတင်ပို့မှုများအား ခွင့်ပြုပေးသွားရန် အိန္ဒိယနိုင်ငံအစိုးရအား တိုက်တွန်းပြောကြားခဲ့ကြသည်။

ယခုနှစ်တွင် မိုးအလုံအလောက်ရွာသွန်းမည်ဟုခန့်မှန်းထားပြီး အစိုးရ၏လက်ကျန်ဆန်များလည်း ပိုလျှံလျက်ရှိခြင်းတို့ကြောင့် အိန္ဒိယအစိုးရအနေဖြင့် ၎င်းတို့၏တင်ပြချက်အား လိုက်လျောပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ လက်ကျန်ဆန်လုံလောက်မှုနှင့် ရာသီဥတုကောင်းမွန်မှုတို့ကြောင့် ဘာစမာတီဆန် မဟုတ်သော ဆန်ဖြူနှင့်စပ်လျဉ်းပြီး မကြာမီကာလအတွင်း အပြောင်းအလဲများ ဖြစ်လာနိုင်မည်ဟု မျှော်မှန်းထားကြသည်။ ဆန်သည် သုံးလသက်တမ်းရှိသော သီးနှံတစ်မျိုးဖြစ်ပြီး နိုဝင်ဘာလတွင် ဆန်အသစ်များ ဈေးကွက်သို့ ဝင်ရောက်လာမည်ဖြစ်ရာ မကြာမီ ဈေးနှုန်းတည်ငြိမ်လာနိုင်ကြောင်း၊ အစိုးရအနေဖြင့် ငွေကြေးဖောင်းပွမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိသော်လည်း ဆန်မှာ ငွေကြေးဖောင်းပွမှုဖြစ်ပေါ်စေခြင်းတွင် များစွာပါဝင်မှုမရှိပါကြောင်း၊ အများပြည်သူသို့ဖြန့်ဝေမှုစနစ်အောက်တွင် ပြည်သူများ အထူးသဖြင့် အလယ်အလတ်နှင့် အထက်တန်းအဆင့်မှ ပြည်သူလူထုများ စားသုံးလျက်ရှိသည့် ဆန်အမယ်ဖြစ်သည့်အတွက် အဆိုပါဆန်ကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါကြောင်း ဆန်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ B. V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်း၏ ဂိုဒေါင်များ၌ ဆန်များဖြင့်ပြည့်လျက်ရှိပြီး နိုဝင်ဘာလတွင် ဆန်အသစ်များဝင်ရောက်လာမည်ဖြစ်ကြောင်း၊ သီးနှံအသစ်များထားသိုရန်အတွက် ဂိုဒေါင်များတွင် နေရာလွတ်မရှိပါက တောင်သူလယ်သမားများအား အနည်းဆုံးပံ့ပိုးမှုဈေးဖြင့် ပံ့ပိုးပေးနိုင်မည်မဟုတ်ကြောင်း၊ အစိုးရမှ တားမြစ်ကန့်သတ်ချက်များအားဖယ်ရှားပေးပြီး အခွန်နှုန်းထားတစ်ခုဖြင့် ဆန်တင်ပို့မှုအား ခွင့်ပြုပေးလိုက်ပါက ဆန်စက်ပိုင်ရှင်များအနေဖြင့် စပါးများအား ဝယ်ယူကြိတ်ခွဲပြီး တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ ဆန်စက်ပိုင်ရှင်များသည် အိန္ဒိယစားနပ်ရိက္ခာလုပ်ငန်းသို့ ဝင်ရောက်လျက်ရှိသော အခြားဆန်အမယ်များကိုပင် ဝယ်ယူပြီး အာဖရိကကဲ့သို့သောနိုင်ငံများသို့ တင်ပို့ရောင်းချကြမည်ဖြစ်ကြောင်း၊ အများပြည်သူဖြန့်ဝေမှုစနစ်အောက်တွင် ရောင်းချသည့် အိန္ဒိယမှ ဆန်မျိုးများအား ဆန်တစ်ကီလိုလျှင် ရူပီး ၃၀ ထက် ပိုမပေးနိုင်သည့် အာဖရိကတိုက်ရှိ နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဖော်ပြပါရှိပါသည်။

**စီးပွား/ ကူးသန်း**

ရန်ကုန် ဇူလိုင် ၄

# ဝိုင်ဘီအက်စ်ခရီးသည်တင်ယာဉ်များပေါ်တွင် "စပယ်ယာတင်ဆောင်ခြင်း မပြုရ" စာတန်းပါ စတေကာများတပ်ဆင်မည်




ဝိုင်ဘီအက်စ်ခရီးသည်တင်ယာဉ်များ (Mini Bus ယာဉ်များအပါအဝင်)ပေါ်တွင် "စပယ်ယာတင်ဆောင်ခြင်းမပြုရ" စာတန်းပါစတေကာများကိုတပ်ဆင်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်ထံမှ သိရသည်။

"စပယ်ယာ(ယာဉ်အကူ)တင်ဆောင်လို့ ယာဉ်တစ်စီးနဲ့တစ်စီး ပြိုင်မောင်းတာ၊ ယာဉ်အချင်းချင်း ခိုက်ရန်ဖြစ်ပွားတာ၊ ယာဉ်စီးခပိုတောင်းတာ စတဲ့ဖြစ်စဉ်တွေ စပယ်ယာတွေလိုက်ပါတဲ့ အရင်အချိန်တုန်းက ဖြစ်ပွားခဲ့ပါတယ်။ အဲဒီလိုဖြစ်စဉ်တွေဖြစ်ပွားမှုမရှိအောင် စပယ်ယာတင်ဆောင်ခြင်းမပြုရဆိုတဲ့ စာတန်းပါ စတေကာတွေကို ဝိုင်ဘီအက်စ်ယာဉ်တွေမှာ တပ်ဆင်သွားမှာဖြစ်ပါတယ်။ ဒီစာတန်းကိုကပ်ခြင်းအားဖြင့် ခရီးသည်တွေကလည်း စပယ်ယာဆိုတာက တရားဝင်မဟုတ်ဘူးဆိုတာကို သိရှိသွားမှာဖြစ်ပြီး စပယ်ယာပါတာတွေ့ရှိခဲ့ရင်လည်း တိုင်ကြားလို့ရမှာဖြစ်ပါတယ်။ စပယ်ယာ(ယာဉ်အကူ) ပါတဲ့ယာဉ်ကို CNG သုံးလပိတ်တာ၊ ယာဉ်သုံးလပိတ်တာ၊ ဒီဇယ်ယာဉ်ဆို တစ်နှစ်ပိတ်တာတွေ၊ ယာဉ်မောင်းသူကို ဝိုင်ဘီအက်စ်ယာဉ်မောင်းနှင်ခွင့် ရာသက်ပန်ပိတ်သိမ်းတာတွေ လုပ်ဆောင်အရေးယူသွားမှာဖြစ်ပါတယ်"ဟု ဦးလျှန်ကျင့်မန်က ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ခရီးသည်တင်ယာဉ် အစီးရေ ၅၀၀၀ ကျော်တွင် စပယ်ယာတင်ဆောင်ခြင်းမပြုရ စာတန်းပါစတေကာများအား ယခုဇူလိုင်လအတွင်း တပ်ဆင်သွားမည်ဖြစ်ကာ ယာဉ်တစ်စီးလျှင် စတေကာသုံးခု (သုံးနေရာ)တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဝိုင်ဘီအက်စ်ယာဉ်များတွင် စပယ်ယာတင်ဆောင်မှုပြုခြင်းအပါအဝင် ခရီးသည်များအနေဖြင့် နစ်နာမှုများရှိပါက ဖုန်းနံပါတ် ၀၉-၄၄၈၁၄၇၁၄၉၊ ၀၉-၄၄၈၁၄၇၁၅၃ နှင့် ၀၉-၄၄၈၁၄၇၁၅၄ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းလည်း YRTC မှ သိရသည်။

**ကိုထက်**

၅-၇-၂၀၂၄

## နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၄

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

| | | |
|---|---|---|
| စစ်တွေ | ၇ ဒသမ | ၀၄ လက်မ |
| ဟိုင်းကြီးကျွန်း | ၅ ဒသမ | ၉၁ လက်မ |
| ထားဝယ် | ၄ ဒသမ | ၅၇ လက်မ |
| မာန်အောင် | ၃ ဒသမ | ၅၀ လက်မ |
| ကျောက်ဖြူ | ၃ ဒသမ | ၄၆ လက်မ |
| မြစ်ကြီးနား | ၂ ဒသမ | ၆၀ လက်မ |
| မိုင်းဆတ် | ၂ ဒသမ | ၁၇ လက်မ |
| ကွမ်းခြံကုန်း | ၁ ဒသမ | ၈၉ လက်မ |

ရန်ကုန် ဇူလိုင် ၄

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အကြိမ်(၃၀)မြောက်အစည်းအဝေးကျင်းပ



ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ အကြိမ်(၃၀) မြောက်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ရေရှည်တည်တံ့စွာဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားခွင့် မဆုံးရှုံးနိုင်စေရေးအတွက် ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှ သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ အမှားအယွင်းမရှိရလေအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမှားအယွင်းရှိခဲ့ပါက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပေါ် ယုံကြည်မှုအားနည်းလာမည်ဖြစ်၍ လုပ်ငန်းကိစ္စဆောင်ရွက်ရာတွင် အမှားအယွင်းကင်းစေရန် စေတနာထားဆောင်ရွက်ကြစေလိုကြောင်း ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့အစည်းအဝေး(၂၀၂၃)၏ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုဆိုင်ရာလုပ်ငန်းစဉ်များကို လျှောက်ထားသည်။

ဆက်လက်၍ ကြွရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဆရာတော်များက သက်ဆိုင်ရာကဏ္ဍအလိုက်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယာမက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် ပညာရေးဝန်ကြီးဌာန၏ချမှတ်ထားသည့်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများအတိုင်း သင်ကြားကြရမည်ဖြစ်ပြီး စာသင်ဆောင်များ ဆရာ၊ ဆရာမ လုံလောက်မှု၊ သင်ကြားစနစ်မှန်ကန်မှုတို့ကို ပြည့်စုံအောင်ဆောင်ရွက်ရေး၊ သင်ကြားရေးဆရာတော်များကလည်း နိုင်ငံတော်၏ဦးတည်ချက်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးကြရန် ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းလျှောက်ထားကာ ဆွေးနွေးချက် (၇) ရပ်နှင့်ပတ်သက်၍ အတည်ပြုချက်နှင့်ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရက ဘုန်းတော်ကြီးသင်ပညာရေးကို အားထုတ်ဆောင်ရွက်လျက်ရှိကြသော ဆရာတော်များမှ ပညာရေးမူဝါဒနှင့်အညီ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ဩဝါဒကထာမြွက်ကြားပြီး ဒုတိယဝန်ကြီးက ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၄

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကျင်းပ





အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်နှင့် ဒီပလိုမာအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းပရိယတ္တိစာသင်တိုက်ပဓာနနာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ အကျိုးတော်ဆောင်ဆရာတော် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းတိုက်ပဓာနနာယကဆရာတော် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယအဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ဂုဏ်ထူးဆောင် ပါမောက္ခဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကိုယ်စား အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသက "သာရဏီယ အဖွင့်ဩဝါဒကထာ"ကို မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယဝန်ကြီးက ဂုဏ်ယူဝမ်းမြောက်စကားလျှောက်ထားသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အဓိဋ္ဌာန်အမေး၊ အဖြေပြုပြီး သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၂၉ ဦးတို့ကို ဘွဲ့၊ အောင်လက်မှတ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။

ယင်းနောက် ဝိဇ္ဇာဘွဲ့(ဗုဒ္ဓဓမ္မ)တန်းမှ ပညာရည်ချွန် ထူးချွန်ဆုရရှိသော (Gold Medalist) ထူးချွန် ရွှေတံဆိပ်ဆုရှင် မြန်မာသင်တန်းသားရဟန်းတော် ဘဒ္ဒန္တဗာကုလအား တက္ကသိုလ်ကချီးမြှင့်သည့် ရွှေစင်ရွှေပြားတစ်ကျပ်သား ဆုတံဆိပ်ကို ပါမောက္ခချုပ်ဆရာတော် (ကိုယ်စား) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းချီးမြှင့်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများကို ပါမောက္ခချုပ်ဆရာတော်(ကိုယ်စား) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဇော်ဇော်ဦးက တက္ကသိုလ်ပုံကျောက်စီပန်းချီကားချပ်များ ဂုဏ်ပြုပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က "ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်"တွင် လက်မှတ်ရေးထိုးတော်မူပြီး ဘွဲ့ရကျောင်းသားများကို ဆုံးမဩဝါဒကထာမြွက်ကြားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄° C | / | ၃၁.၄° C |
| ရန်ကုန် | ၂၃° C | / | ၂၉.၀° C |
| မန္တလေး | ၂၄° C | / | ၃၅.၈° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဇူလိုင် ၄

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၅၀၀)

နေပြည်တော်  ဇူလိုင်  ၄

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မြင်းစီးအားကစားကွင်း ပွဲကြည့်စင်ဘယ်ဘက်ခြမ်းရှိ မြေကွက်လပ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစားနပ်ရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်၊ သစ်တောများသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သစ်ပင်၊ သစ်တောများ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်ရုံးအဖွဲ့၊ စီမံရေးရာဦးစီးဌာန၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနများမှ တာဝန်ရှိသူများထံ ပျိုးပင်များလွှဲပြောင်းပေးအပ်ပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်၍ ပျိုးပင်များ စိုက်ပျိုးကြသည်။

၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကော်မရှင်အနေဖြင့် ရတနာတန်းဝင် ကျွန်းပင်နှင့် မန်ကျည်းပင် စုစုပေါင်းပျိုးပင် ၄၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်အမှတ် ၄၃/၂၀၂၄

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမင်းထွဋ်အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး**

## ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၅-၇-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |

နေပြည်တော်  ဇူလိုင်  ၄

# ရေကြီးခြင်းသတိပေးချက်

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၈၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခန့် (၁၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခွဲခန့် (၁၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၃ ပေခန့် (၉၂ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇ ပေခွဲခန့် (၂၂၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၆ ပေခန့် (၁၈၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၅ ပေခန့် (၁၅၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Obninsk မြို့တွင် ကမ္ဘာ့ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် 2nd International Youth Nuclear Forum သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ ရင်တွင်းစကားသံများ

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Obninsk မြို့ရှိ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံ နှစ် (၇၀) ပြည့်အထိမ်းအမှတ်အဖြစ် 2nd International Youth Nuclear Forum ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Obninsk မြို့တွင် နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) က ကြီးမှူးကျင်းပခဲ့သည်။ အဆိုပါဖိုရမ်သည် နည်းပညာဆန်းသစ်တီထွင်မှုနှင့် နျူကလီးယားပညာရေးနယ်ပယ်တွင် ကျွမ်းကျင်သူများ၊ ကျောင်းသားများ၊ သိပ္ပံပညာရှင်များနှင့် လူငယ်ပညာရှင်များ အတူတကွပူးပေါင်းဆောင်ရွက်သည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းလည်းဖြစ်သည်။ ဖိုရမ်သို့ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ကိုယ်စားလှယ် ၄၀၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါဖိုရမ်သို့ တက်ရောက်လေ့လာဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့၏ အတွေ့အကြုံများ၊ ရင်တွင်းစကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-**



**ဒေါက်တာသီဂီမောင်မောင်**
**ညွှန်ကြားရေးမှူးချုပ်**
**အဏုမြူစွမ်းအင်ဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ရုရှားနိုင်ငံ Obninsk မြို့မှာ ကျင်းပတဲ့ 2nd International Youth Nuclear Forum ဖြစ်တဲ့ Obninsk Nuclear Education Week (NEW) 2024 ကို ROSATOM က ဖိတ်ကြားလို့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ Obninsk မြို့က ရုရှားနိုင်ငံရဲ့ နျူကလီးယား သမိုင်းဝင်မြို့ဖြစ်ပါတယ်။ ကမ္ဘာ့ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၅၄ ခုနှစ်မှာ စတင်လည်ပတ်ခဲ့တဲ့အတွက် အခု နှစ် (၇၀) ပြည့်အခမ်းအနားကို ကျင်းပတာကိုလည်း တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီဖိုရမ်မှာ နျူကလီးယားကို စတင်လေ့လာနေတဲ့ မျိုးဆက်သစ်တွေအတွက် နျူကလီးယားဘာသာရပ်နယ်ပယ်က အတွေ့အကြုံရှိ ပညာရှင်များနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့အတွက် အလွန်တန်ဖိုးရှိပါတယ်။ ဒီဖိုရမ်ကျင်းပစဉ်အတွင်း Nuclear Education ဆိုင်ရာ အခြားဆက်စပ်အစည်းအဝေးတွေလည်းတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ တက္ကသိုလ်တွေမှာ နျူကလီးယားနည်းပညာသင်ကြားဖွင့်လှစ်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေကိုလည်း ဆွေးနွေးခဲ့ပါတယ်။

ရုရှားနိုင်ငံက တက္ကသိုလ်တွေမှာတက်ရောက်နေတဲ့ နိုင်ငံတကာမှကျောင်းသားတွေရဲ့ စကားဝိုင်းဆွေးနွေးပွဲမှာ နျူကလီးယားနဲ့ ဆက်စပ်ဘာသာရပ်တွေ ပညာသင်ကြားနိုင်တဲ့အခွင့်အလမ်းများ၊ တွေ့ကြုံရတဲ့ အခက်အခဲများကို ဆွေးနွေးဖလှယ်ကြတဲ့အတွက် ကျောင်းသားသစ်တွေအတွက် များစွာအကျိုးရှိစေပါတယ်။ တက်ရောက်လာတဲ့ ကျောင်းသားတွေဟာ နျူကလီးယားစက်ရုံ၊ ပြခန်းတွေလည်း လေ့လာခွင့်ရခဲ့ကြပါတယ်။ အလားတူ ရုရှားနိုင်ငံရှိ တက္ကသိုလ်တွေကနေဘွဲ့ရခဲ့ကြတဲ့ ကျောင်းသားဟောင်းတွေ့ဆုံပွဲကိုလည်း တက်ရောက်ခွင့်ရခဲ့တဲ့အတွက် ၎င်းတို့ သင်ကြားခဲ့ရမှု အတွေ့အကြုံတွေ၊ လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့အခြေအနေနဲ့ အမှတ်တရစကားတွေလည်း လေ့လာသိရှိခဲ့ရပါတယ်။



**ဒေါ်နန်းဇင်သီရိနောင်**
**ကထိက**
**မန္တလေးနည်းပညာတက္ကသိုလ်**

ကျွန်မကတော့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Obninsk မြို့မှာ ကျင်းပတဲ့ နျူကလီးယားနည်းပညာဆိုင်ရာ နိုင်ငံတကာလူငယ်များ ဖိုရမ်ကို မန္တလေးနည်းပညာတက္ကသိုလ်နဲ့ နည်းပညာတက္ကသိုလ် (ကျောက်ဆည်) က ကျောင်းသား၊ ကျောင်းသူတွေနဲ့အတူ လာရောက် တက်ရောက်တာဖြစ်ပါတယ်။ ဒီဖိုရမ်မှာဆိုရင် လူငယ်တွေနဲ့ နျူကလီးယားနည်းပညာတွေ ထိတွေ့ချိတ်ဆက်နိုင်ဖို့အတွက် လိုအပ်တဲ့သတင်းအချက်အလက်တွေ၊ နည်းပညာပိုင်းဆိုင်ရာ အသိပညာဖြန့်ဝေမှုတွေ၊ သင်ကြားပြသမှုတွေကို နိုင်ငံတကာက လူငယ်တွေနဲ့အတူ တွေ့ဆုံဆွေးနွေးခဲ့ရပါတယ်။

ဒီပွဲလေးမှာဆိုရင် နိုင်ငံတကာကနေ ရုရှားနိုင်ငံမှာ ဘွဲ့ကြိုသင်တန်း လာတက်ကြတဲ့ ကျောင်းသား၊ ကျောင်းသူ တော်တော်များများကိုလည်း တွေ့ခဲ့ရပါတယ်။ ကိုယ့်နိုင်ငံက ကျောင်းသားတွေလည်း နိုင်ငံတကာက ကျောင်းသားတွေနဲ့အပြိုင် ပြောဆိုဆွေးနွေးနိုင်တာကို တွေ့ခဲ့ရပါတယ်။ ကျောင်းသူတစ်ယောက်ဆိုရင် Group Leader အနေနဲ့ ဦးဆောင်ပြီး ဆွေးနွေးခဲ့ပါတယ်။ သူတို့လေးတွေ နိုင်ငံတကာနဲ့ ဝင်ဆံ့နိုင်အောင် ကြိုးစားကြတာကို တွေ့ခဲ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ World First Nuclear Power Plant ရဲ့ နှစ် (၇၀)ပြည့် အထိမ်းအမှတ်အနေနဲ့ကျင်းပတဲ့ပွဲလေးမှာ နိုင်ငံတကာမှ အသိပညာရှင်၊ အတတ်ပညာရှင်တွေရဲ့ ဆွေးနွေးမှုများကိုလည်း တက်ရောက်နားထောင်လေ့လာခဲ့ရပါတယ်။

ပထမဆုံးသော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့တဲ့ နျူကလီးယား ဓာတ်ပေါင်းဖိုကိုလည်း သွားရောက်လေ့လာခဲ့ရပါတယ်။ Nuclear Power Plant ဟာဆိုရင် ၄၈ နှစ်ကြာ အောင်မြင်စွာ၊ ဘေးအန္တရာယ်ကင်းရှင်းစွာနဲ့ အလုပ်လုပ်ခဲ့တဲ့ ဓာတ်ပေါင်းဖိုတစ်ခုဖြစ်တယ်လို့ သိရပါတယ်။ အခုအခါမှာတော့ ဓာတ်ပေါင်းဖိုရှိတဲ့နေရာကို Nuclear Energetics Museum အဖြစ်ဖွင့်လှစ်ထားပါတယ်။ အခုလို သွားရောက်လေ့လာခဲ့ရတဲ့အတွက် အသိပညာ၊ ဗဟုသုတတွေများစွာရရှိတဲ့အပြင် နိုင်ငံတကာက လေ့လာနေသူတွေနဲ့ သိရှိခဲ့ရတဲ့အတွက် ကျေနပ်မိပါတယ်ရှင့်။ အတူလာရောက်တက်ရောက်ကြတဲ့ ကလေးတွေအနေနဲ့လည်း စိတ်အားထက်သန်မှုတွေ၊ သူတို့ကိုယ်သူတို့ ယုံကြည်မှုပိုပြီးရှိလာစေတဲ့အတွက် နောင်အခုလိုပွဲတွေကို ကျောင်းသူ၊ ကျောင်းသားတွေ ပိုပြီးတက်ရောက်ဖို့အတွက် အားပေးချင်ပါတယ်။

တက်ရောက်ခွင့်ရအောင်လည်း ကလေးတွေဘက်က လိုအပ်တဲ့ဘာသာရပ်ဆိုင်ရာ လေ့လာမှုတွေ၊ ဘာသာစကားသုံးနှုန်းမှုတွေကို ကြိုးစားပြင်ဆင်ထားစေချင်ပါတယ်။ အခုလို တက်ရောက်ခွင့်ရတဲ့အတွက် ထောက်ပံ့ပေးသော အစိုးရအဖွဲ့နဲ့ ROSATOM အဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်ရှင့်။



**မောင်ထက်လျှံဘုန်းနိုင်**
**ဒုတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

Obninsk NEW 2024 ကို ပါဝင်တက်ရောက်ဖို့အတွက် မန္တလေးနည်းပညာတက္ကသိုလ်မှာ လျှောက်ထားဖြစ်ရာကနေ စတင်ခဲ့တာဖြစ်ပါတယ်။ ဒီ Program ရဲ့ အဓိကအကြောင်းအရာကတော့ Obninsk မြို့မှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ World First Nuclear Power Plant ရဲ့ နှစ်(၇၀)ပြည့် အခမ်းအနားနဲ့ နောင်မျိုးဆက်သစ်တွေအတွက် ဘယ်လိုတိုးတက်မှုတွေလုပ်ကြမယ်ဆိုတာကို ဆွေးနွေးကြတဲ့ အခမ်းအနားပဲဖြစ်ပါတယ်။

ဒီ Program ရဲ့ ပထမဆုံးရက်မှာ နိုင်ငံအသီးသီးမှ မျိုးဆက်သစ်လူငယ်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ ဗဟုသုတတွေကို အချင်းချင်းမျှဝေဆွေးနွေးကြတဲ့ Workshop လေးကို လုပ်ခဲ့ရပါတယ်။ ဒုတိယရက်မှာဆိုရင် နိုင်ငံပေါင်းစုံက ကိုယ်စားလှယ်တွေ၊ နျူကလီးယားပညာရှင်တွေ၊ သိပ္ပံပညာရှင်တွေက နျူကလီးယားနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးတဲ့ Plenary Session တွေကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ နောက်ဆုံးရက်မှာတော့ ရုရှားနိုင်ငံရဲ့ နျူကလီးယား အဏုမြူစွမ်းအင်ကို လေ့လာတွေ့ရှိခဲ့တဲ့ Kurchatov ရဲ့ နေအိမ်ကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အခုလိုမျိုး Obninsk NEW 2024 မှာ ပါဝင်ခွင့်ရခဲ့တဲ့အတွက် နျူကလီးယားနဲ့ ပတ်သက်တဲ့ နည်းပညာအသစ်အဆန်းတွေ၊ ဗဟုသုတအသစ်တွေကို လေ့လာခွင့်ရရှိခဲ့သလို နိုင်ငံပေါင်းစုံက သူငယ်ချင်းအသစ်တွေနဲ့လည်း ခင်မင်ရင်းနှီးမှုရရှိခဲ့ပါတယ်။

ဒီ Program ဖြစ်မြောက်အောင် ကူညီပေးခဲ့ကြသူတိုင်းကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်။ နောက်ထပ်မှာလည်း ဒီလို Program တွေအများကြီးကို ပါဝင်ခွင့်ရမယ်လို့လည်း မျှော်လင့်မိပါတယ်။ နောက်ထပ် ကျွန်တော့်လိုလူငယ်တွေကို အကြံပြုချင်တာကတော့ ဒီလို အခွင့်အရေးမျိုးတွေ ရရှိလာခဲ့မယ်ဆိုရင် လက်မလွှတ်ဘဲ ပါဝင်လေ့လာကြဖို့ အကြံပြုချင်ပါတယ်။



**မခြူးအိမ်စည်**
**ပဉ္စမနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

Obninsk NEW 2024 ကိုတက်ရောက်ခွင့်ရဖို့အတွက် မန္တလေးနည်းပညာတက္ကသိုလ်ကနေတစ်ဆင့် လျှောက်ထားခဲ့ရာကနေ ပါဝင်ခွင့်ရရှိခဲ့တာပဲဖြစ်ပါတယ်။ Obninsk NEW 2024 Program မှာဆိုရင် ပထမဆုံးအနေနဲ့ Nuclear Generation နဲ့ဆိုင်တဲ့ Workshop မှာ ပါဝင်ဆွေးနွေးခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံပေါင်းစုံက လူငယ်တွေနဲ့ Group တွေဖွဲ့ပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြရတာဖြစ်ပါတယ်။ Group တစ်ခုချင်းစီက တိုင်ပင်ဆွေးနွေးခဲ့တဲ့ အကြံပြုချက်တွေ၊ ကောက်နုတ်ချက်တွေကို အချင်းချင်းမျှဝေပေးခဲ့ကြတာပဲဖြစ်ပါတယ်။

နောက်တစ်နေ့မှာဆိုရင်တော့ နိုင်ငံကိုယ်စားပြု Speaker တွေ ဆွေးနွေးဟောပြောခဲ့တဲ့ Nuclear Industry နဲ့ဆိုင်တဲ့ Topic တွေကို တက်ရောက်နားထောင်ခဲ့ရပါတယ်။ နောက်ဆုံးတစ်ရက်မှာတော့ ရုရှားနိုင်ငံရဲ့ပထမဆုံးတည်ဆောက်ခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခဲ့ကြရတာပဲဖြစ်ပါတယ်။ ဒီ Program ကို တက်ရောက်ခွင့်ရရှိခဲ့တဲ့အတွက် နျူကလီးယားနဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ အများကြီး လေ့လာတွေ့မြင်ခဲ့ရပါတယ်။ နိုင်ငံမျိုးစုံက သူငယ်ချင်းအသစ်တွေ ရရှိခဲ့ပြီးတော့ Culture Sharing တွေလည်း အများကြီး လုပ်ခဲ့ရပါတယ်။ အမှတ်တရပစ္စည်း လက်ဆောင်တွေလည်း အများကြီးရရှိခဲ့ပါတယ်။ သမီးအနေနဲ့ ဒီလိုအတွေ့အကြုံတွေ အများကြီးထပ်ပြီးတော့ တွေ့ကြုံခွင့်ရချင်ပါသေးတယ်။

ဒီသုံးရက်အတွင်းမှာတောင် အတွေ့အကြုံတွေ ဒီလောက်အများကြီးရရှိခဲ့တာဖြစ်တဲ့အတွက် နောက်ထပ်ရက်တွေသာ ထပ်ရခဲ့ရင် နောက်ထပ်အခြားသော မသိသေးတဲ့အရာတွေ အများကြီးထပ်ပြီး သိရဦးမယ်လို့လည်း ယုံကြည်မိပါတယ်။ ဒီ Program ကို ပါဝင်နိုင်အောင် ကူညီပို့ဆောင်ပေးကြသူများအားလုံးကိုလည်း ကျေးဇူးအများကြီးတင်ရှိပါတယ်ရှင့်။ အကြံပြုချင်တာလေးကတော့ ဒီလို Program တွေကို ထပ်ပြီးလုပ်ပေးဖို့ရယ်၊ ကျောင်းသားအရေးအတွက် ပိုမိုခေါ်ယူပေးနိုင်မယ်ဆိုရင် အခုလိုအတွေ့အကြုံကောင်းတွေအများကြီးရနိုင်တဲ့ လူငယ်တွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံရဲ့ Educational Quality ကိုလည်း မြှင့်တင်ပေးနိုင်မယ်လို့ ခံစားမိပါတယ်ရှင့်။

စာမျက်နှာ ၁၀ သို့ ■

နေပြည်တော် ဇူလိုင် ၄

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## မိုးလေဝသ သတင်း




နေပြည်တော် ဇူလိုင် ၄

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲအခမ်းအနားကျင်းပ

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ပြင်ပအသိပညာဗဟုသုတများပိုမိုရရှိစေရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင်လ ၃ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် ရေအေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စာဖတ်ရှိန်မြှင့်တင်ရေး "လူငယ်နှင့်အနာဂတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ရဲအုပ်ဟန်ဇော်က "လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရွှေမြို့နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်သက်ခိုင်ဦးက "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူခင်းကျဆင်းရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေးဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသူများအား အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များအား ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်းသိရသည်။ (၄၁၃)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ စာမျက်နှာ ၉ မှအဆက်

**မဝတ်ရည်ပပဝင်း**
**တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

2nd International Youth Nuclear Forum ကို တက်ရောက်ဖို့အတွက်



နည်းပညာတက္ကသိုလ်(ကျောက်ဆည်)က ရွေးချယ်စေလွှတ်ခြင်း ခံခဲ့ရပါတယ်။ ပါဝင်ခဲ့တဲ့ Activity တွေအနေနဲ့ ကတော့ ပထမရက်မှာ Forum ကို တက်ရောက်လာတဲ့ နိုင်ငံတကာက လူငယ်တွေနဲ့အတူ နျူကလီးယားနဲ့ပတ်သက်တဲ့ ခေါင်းစဉ် (၇)ခုကို Group တစ်ခုချင်းစီအလိုက် တိုင်ပင်ဆွေးနွေးဖလှယ်ရတဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒုတိယရက်မှာတော့ ဖိုရမ်မှာ ပါဝင်ဆွေးနွေးကြတဲ့ Speaker တွေရဲ့ ဆွေးနွေးပို့ချမှုတွေကို တက်ရောက်နားထောင်ခဲ့ရပါတယ်။ တတိယရက်မှာတော့ နှစ် (၇၀) ပြည့်မြောက်ခဲ့ပြီဖြစ်တဲ့ ပထမဆုံးအသုံးပြုခဲ့တဲ့ Nuclear Power Plant ကို သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

ရုရှားလူမျိုးတွေရဲ့ စားသောက်နေထိုင်ပုံတွေ၊ နျူကလီးယားစွမ်းအင်ကို လေ့လာစမ်းသပ်နေမှုတွေ၊ ရုရှားလူမျိုးတွေရဲ့ ပြုမူနေထိုင်ဆက်ဆံပုံတွေကို လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်မအတွက်ကတော့ ဒီခရီးစဉ်က အင်မတန်မှတန်ဖိုးရှိခဲ့ပါတယ်။ နျူကလီးယား နည်းပညာနဲ့ပတ်သက်ပြီးတော့လည်း အများကြီးလေ့လာခွင့်ရရှိခဲ့ပါတယ်။ လူတိုင်းမှာ အခွင့်အရေးဆိုတာရှိလာနိုင်တာဖြစ်တဲ့အတွက် ရရှိလာတဲ့ အခွင့်အရေးကို အရယူနိုင်အောင် အမြဲလေ့ကျင့်သင်ကြားထားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

**မဟန်နဒီထွန်း**
**တတိယနှစ်**
**နျူကလီးယားအင်ဂျင်နီယာဌာန**
**နည်းပညာတက္ကသိုလ်(ကျောက်ဆည်)**



Obninsk NEW 2024 ကို ပါဝင်ခွင့်ရရှိခဲ့တာကတော့ ညီမတို့ရဲ့ နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ဌာနမှူးကနေ တစ်ဆင့်သိရှိပြီး လျှောက်ထားခဲ့ရာကနေ ပါဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီ Program မှာ ပါဝင်ခဲ့ရတဲ့ Activity တွေကတော့ ပထမရက်မှာဆိုရင် Nuclear Generation နဲ့သက်ဆိုင်တဲ့ Workshop ကို တက်ရောက်ခဲ့ရပါတယ်။ ဒီ Workshop မှာဆိုရင် နိုင်ငံတကာက ကျောင်းသားတွေနဲ့ အချင်းချင်း အပြန်အလှန်မျှဝေဆွေးနွေးခဲ့ရပါတယ်။ လူငယ်တွေအချင်းချင်းအကြားမှာ ဗဟုသုတတွေ မျှဝေခွင့်ရရှိခဲ့တဲ့ Workshop တစ်ခုပဲဖြစ်ပါတယ်။ ဒုတိယရက်မှာတော့ နိုင်ငံအသီးသီးကနေ နိုင်ငံကိုယ်စားပြုတက်ရောက်လာတဲ့ သိပ္ပံပညာရှင်တွေ၊ နျူကလီးယားပညာရှင်တွေက နျူကလီးယားနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ၊ အချက်အလက်တွေကို ဆွေးနွေးတင်ပြတဲ့ပွဲတွေကို တက်ရောက်ခွင့်ရရှိခဲ့ပါတယ်။ တတိယရက်မှာတော့ ရုရှားနိုင်ငံရဲ့ Atomic Power Plant ကို စတင်တွေ့ရှိခဲ့တဲ့ သိပ္ပံပညာရှင် Kurchatov ရဲ့အိမ်ကို သွားရောက်လေ့လာခွင့်ရရှိခဲ့ပါတယ်။

Obninsk NEW 2024 မှာဆိုရင် နျူကလီးယားနဲ့သက်ဆိုင်တဲ့ အတွေ့အကြုံအသစ်တွေ အများကြီးရရှိခဲ့ပြီးတော့ ကိုယ့်ရဲ့ အားနည်းချက်၊ အားသာချက်၊ လိုအပ်ချက်တွေကိုလည်း သိရှိခဲ့ရပါတယ်။ ဒီ Program ကဆိုရင် နိုင်ငံပေါင်းစုံက ပညာရှင်တွေ၊ ကျောင်းသားတွေအားလုံး စုပေါင်းဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် ညီမတို့ မြန်မာကျောင်းသားတွေလည်း ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဒီလို Program တွေကို နောက်ထပ်လုပ်ပေးနိုင်ဖို့နဲ့ မြန်မာကျောင်းသားတွေအနေနဲ့လည်း ပါဝင်တက်ရောက်ခွင့်ရမယ်ဆိုရင် လက်လွှတ်မခံဘဲ အကောင်းဆုံးကြိုးစားပါဝင်တက်ရောက်ဖို့ အကြံပြုချင်ပါတယ်။

**တွေ့ဆုံမေးမြန်း– အေးနန္ဒာဦး၊ စောအိမွန်**

နေပြည်တော် ဇူလိုင် ၄

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးကျော်စိုးမိုး ခန့်အပ်လွှာပေးအပ်



ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးမိုးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ရှာဟာဘူဒင် ထံသို့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# ကချင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ လှူဒါန်းငွေပေးအပ်



မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ဝေဝေသာက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကချင်ပြည်နယ်ရေကြီးရေလျှံမှုတွင် စီမံခန့်ခွဲဆောင်ရွက်နေမှုများကို ပြောကြားကာ လှူဒါန်းငွေကျပ်သိန်း ၃၀ ကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အလားတူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ငါးသေတ္တာဘူး ၁၇၅၀၀ ပေးပို့လှူဒါန်းမှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှထောက်ပံ့သော တာပေါ်လင်လိပ်များ၊ အဝတ်အထည်များ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများကို ဇူလိုင်လ ၃ရက်တွင် တပ်မတော်လေယာဉ်ဖြင့် ကချင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ပေးပို့ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကျင်းပ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းမိသားစုဝင် သားသမီးများ၊ ဝန်ကြီးဌာနအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းမိသားစုဝင် သားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်ခြင်းအခမ်းအနား





ကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဇေရာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏ အနာဂတ်တောက်ပနိုင်စေရန်အတွက် အသိပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ **"Knowledge is Power"** ဆိုသည့်အတိုင်း အသိပညာ၊ ဗဟုသုတနှင့် အတွေးအခေါ်ကောင်းများ ရရှိစေရန် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသအစုံစာပေများကိုဖတ်ရှုလေ့လာပြီး ပညာနှင့် အတွေးအခေါ်ကောင်းများ ပေါင်းစပ်၍ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ၅ ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း သုံးကျောင်းကိုလည်းကောင်း၊ ရာနှုန်းပြည့်အောင်မြင်ခဲ့သည့် အထူးဆုရလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှစ်ကျောင်းနှင့် အောင်ချက် ၈၀ ရာခိုင်နှုန်းအထက်အောင်မြင်ခဲ့သည့် အထူးဆုရကျောင်း နှစ်ကျောင်းကိုလည်းကောင်း၊ ၄ ဘာသာဂုဏ်ထူးရှင် တစ်ဦးကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က လူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူ လေးဦးနှင့် ၂ ဘာသာဂုဏ်ထူးရှင် နှစ်ဦးတို့ကိုလည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်က ၂ ဘာသာဂုဏ်ထူးရှင် သုံးဦးတို့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၅ ဘာသာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် မောင်ရှင်းပိုင်ဟိန်းက ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ပြည်ထောင်စုဝန်ကြီးက လူငယ်ဖွံ့ဖြိုးရေးသင်တန်းများမှ ကျောင်းအုပ်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများတွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီး ၁၅၇၉ ဦးတို့အတွက် အတန်းလိုက်ပညာသင်ထောက်ပံ့ကြေးများ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သူ ၅ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၄၇ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၆၄ ဦးတို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၇၆ ရာခိုင်နှုန်းဖြင့် ပထမဆုရ ပင်းတယလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၆၈ ရာခိုင်နှုန်းဖြင့် ဒုတိယဆုရ လွိုင်ကော်လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၅၉ ရာခိုင်နှုန်းဖြင့် တတိယဆုရ ပင်လောင်းလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၁၀၀ ရာခိုင်နှုန်းဖြင့် အထူးဆုရ ပလက်ဝနှင့် ကြာအင်းဆိပ်ကြီး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းများ၊ အောင်ချက် ၈၉ ရာခိုင်နှုန်းဖြင့် အထူးဆုရ ပူတာအိုလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အောင်ချက် ၈၈ ရာခိုင်နှုန်းဖြင့် အထူးဆုရ တီးတိန်လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း တို့ကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၄-၇-၂၀၂၄ ထူးခြားသည့် နေ့ အပူချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကျောက်ဆည် (လွန်ကျော်) | ၃၆ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၄ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၅ | ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် | ရေဦး | ၃၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၅ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | မြင်းခြံ | ၃၄ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၅ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | သာစည် | ၃၄ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၄ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် | (လှိုင်းတက်) | | | |

မြစ်ကြီးနား ဇူလိုင် ၄

# မြစ်ကြီးနားမြို့၌ ရေဘေးသင့်ပြည်သူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ သွားရောက်တွေ့ဆုံအားပေးထောက်ပံ့



မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့သဖြင့် မြစ်ကြီးနားမြို့၌ ဇွန်လ ၃၀ ရက်က စတင်၍ စံချိန်တင်မြစ်ရေကြီးမြင့်မှု ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအား ရေဘေးရှောင်စခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ထောက်ပံ့ပေးလျက်ရှိပြီး အဆိုပါ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးနှင့် အားပေးထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် နယ်မြေ (၉)အတွင်း ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် မဟာအောင်မြေရွှေဘိုကျောင်းတိုက်သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

ထောက်ပံ့လှူဒါန်းပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ရေဘေးသင့်ပြည်သူများအား မြစ်ကြီးနားမြို့တွင် ဇွန်လ ၃၀ ရက်က စံချိန်တင်မြစ်ရေကြီးမြင့်မှုကြောင့် ရေဘေးသင့်မိသားစုများ၏ စားဝတ်နေရေးအဆင်ပြေစေရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ထောက်ပံ့ပေးအပ်မှုများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေပြန်ကျဆင်းနေပြီဖြစ်သည့်အတွက် မိမိတို့နေအိမ်များ ပြန်လည်နေထိုင်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များကို မိမိတို့အနေဖြင့် ကူညီပံ့ပိုးဖြည့်ဆည်းမှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဆိုပါ ရေဘေးရှောင်စခန်းရှိ အိမ်ထောင်စု ၁၈၇ စု၊ လူဦးရေ ၁၀၀၀ ကျော်တို့အတွက် ဆန်အိတ် ၁၀ အိတ်ကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ခေါက်ဆွဲခြောက်ဖာ ၃၅ ဖာ၊ ငါးသေတ္တာ ၃ ဖာနှင့် ကုလားပဲ ၁ အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက မိသားစုများအတွက် ထမင်းဘူးများကိုလည်းကောင်း ထောက်ပံ့လှူဒါန်းကြသည်။

ဆက်လက်၍ စခန်းနေအိမ်ထောင်စုများကိုယ်စား ပြည်သူတစ်ဦးက လတ်တလောနေထိုင်စားသောက်ရာတွင် လိုအပ်ချက်များနှင့် အခက်အခဲများတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရမ်ပူရပ်ကွက် နယ်မြေ(၇) အတွင်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ဆန်အိတ် ၅ အိတ်၊ ခေါက်ဆွဲခြောက်ဖာ ၂၀၊ ငါးသေတ္တာဖာ ၂ ဖာနှင့် ကုလားပဲ ၁ အိတ်တို့ကိုလည်းကောင်း၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး မိသားစုက အလှူအဖြစ် ထမင်းဟင်း ၁ နပ်စာကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြပြီး မိသားစုများ၏ လိုအပ်ချက်များ၊ အခက်အခဲများကို ပြည်နယ်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို အားပေးကြည့်ရှုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် အတူ မြစ်ကြီးနားမြို့ စုပေါင်းရုံးအတွင်းရှိ မနော ရွှေပြည်ခန်းမ၌ ကျင်းပသည့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူရှင်များက ငွေကြေးနှင့် စားသောက်ကုန်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက မြစ်ကြီးနားမြို့ စံချိန်တင်မြစ်ရေကြီးမြင့်ခဲ့သည့်ဖြစ်စဉ်အပေါ် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့်အတူ ပြည်သူများက စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းလက်တွဲ၍ ဆောင်ရွက်နေကြသည့်အတွက် ထိခိုက်မှုမရှိအောင် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သဘာဝဘေးဖြစ်ပေါ်ပြီးနောက်ဆက်တွဲ ဖြစ်ရပ်/ဖြစ်စဉ်များဖြစ်သည့် ကျန်းမာရေးကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း မိမိတို့အနေဖြင့် ထိန်းချုပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ရေဘေးသင့်ပြည်သူများအတွက် မြစ်ကြီးနားယူနန်ဘုံကျောင်းနှင့် ထိန်ချုံးဟုန်ရှင်ကုမ္ပဏီတို့က ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀၊ ဆန်အိတ် ၄၀၀၊ ဆီ ၁၀ ပိဿာဘူး ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၃၀၀ နှင့် ရေသန့်ဘူးများကို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်၍ မြစ်ကြီးနားယူနန်ဘုံကျောင်းဥက္ကဋ္ဌ ဦးအောင်မြင့်က လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# လမ်းစည်းကမ်းကိုလိုက်နာကြ

ကိုဇော်ဌေး(ယဉ်ကျေးမှု)



လမ်းအန္တရာယ်ဖြစ်ပွားမှု၏ အဓိကအကြောင်းရင်းသည် လမ်းကိုအသုံးပြုနေကြသည့် မော်တော်ယာဉ်များ၊ အနှေးယာဉ်(စက်ဘီး၊ ဆိုက်ကား)၊ လူများက စည်းကမ်းချိုးဖောက်ကြခြင်းကြောင့်ပင်ဖြစ်သည်။ မီးပွိုင့်ကမီးနီနေသဖြင့် ယာဉ်များက ရပ်ထားကြသည်။ လမ်းအသုံးပြုသူတို့ကလည်း သူတို့ကို ဖြတ်သန်းခွင့်ပေးသည့်မီးကစိမ်းနေသဖြင့် ဖြတ်သန်းနေကြသည်။ အရှိန်မလျှော့ဘဲဝင်လာသော စက်ဘီး၊ လမ်းပြောင်းပြန်ဝင်လာသောစက်ဘီးက မီးနီခြင်း၊ မီးစိမ်းခြင်းကိုဂရုမပြု၊ အရေးမစိုက်သောကြောင့် လမ်းကူးသူကိုပွတ်တိုက်သည်။ လမ်းကူးသူသည် မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုဖြစ်ပါက ပိုမိုရှုပ်ထွေးကုန်တော့သည်။ မြို့ကြီးများတွင် နေ့စဉ်ယာဉ်တိုက်မှုရှိနေသည်။ ယာဉ်တိုက်မှုမရှိသည့်လဟူ၍ မရှိချေ။

မြို့ကြီးများတွင် လမ်းများကို အမျိုးမျိုး ပြုပြင်ပေးကြသည်။ ကျဉ်းမြောင်းသောလမ်းများကို ချဲ့ထွင်ပေးခြင်း၊ လမ်းကောက်များကိုတတ်နိုင်သမျှ ဖြောင့်ပေးခြင်း၊ လမ်းတစ်ဖက်မှ လမ်းတစ်ဖက်သို့ သက်သာချောင်ချိစွာ ယာဉ်ကွေ့နိုင်ရန် ဖန်တီးပေးခြင်း၊ လမ်းပေါ်ရှိ ချိုင့်ခွက်များကိုဖို့ပေးခြင်း၊ ခရီးရှည်လမ်းများတွင် ယာဉ်မောင်းသူများ ငြီးငွေ့ထိုင်းမှိုင်းမှုမရှိစေရန် သာယာသောစခန်းထောက်များ တည်ဆောက်ပေးခြင်း၊ လမ်းကို ကောင်းသည်ထက်ကောင်းရန် ငွေကုန်ကြေးကျခံကာ ပြုပြင်ပေးခြင်း၊ လမ်းပေါ်၌ အမျိုးမျိုးသော အမှတ်အသားများဖြင့် မော်တော်ယာဉ်မောင်းသူနှင့် ခြေကျင်ခရီးသွားသူများ လမ်း၏ အခြေအနေကိုသိရှိစေရန် အကွေ့အကောက်ရှိသော လမ်း၊ တစ်ဖက်သွားလမ်း၊ မီးရထားလမ်းနှင့် ဆုံသောလမ်း စသည်ဖြင့် အမှတ်အသားများစိုက်ထူ၍ သတိပေးထားလေသည်။ ယင်းသို့ သတိပေးချက်များကို နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ လွယ်ကူစွာ နားလည်၍ လိုက်နာနိုင်အောင် ကမ္ဘာ့စံတင်လမ်းအမှတ်အသားများနှင့် အချက်ပြနည်းများအတိုင်း ဆောင်ရွက်ထားခြင်းဖြစ်လေသည်။ မော်တော်ယာဉ်မောင်းနှင်သူတို့သည် လမ်းညွှန်အချက်ပြအမှတ်အသားအတိုင်း လိုက်နာကြပါက ဘေးကင်းစွာ မောင်းနှင်နိုင်ကြမည်ဖြစ်သည်။

လမ်းအန္တရာယ်ကင်းရှင်းရန် နိုင်ငံတိုင်းလိုလိုတွင် ယာဉ်ထိန်းရဲများသည် ကျောင်းသွားကျောင်းပြန်ကလေးများ၊ သက်ကြီးရွယ်အိုများ၊ လမ်းမကူးတတ်သူများကို စောင့်ရှောက်ပေးကြလေသည်။ လမ်းများတွင်လည်း ဖြတ်ကူးရန်နေရာများ သတ်မှတ်ထားသည်။ လမ်းကျယ်ကြီးများ၊ ကျောင်းများ၊ ဈေးများနှင့် လူစည်ကားသောနေရာများတွင် ခြေကျင်ခရီးသွားများ အန္တရာယ်ကင်းစွာ ဖြတ်ကူးနိုင်ရန် လမ်းပေါ်တွင် လူကူးမျဉ်းကျားများ ဆွဲပေးထားသည်။ မျဉ်းကျားပေါ်၌ လူသွားနေလျှင် ယာဉ်များက ရပ်တန့်ပေးရသည်။ လမ်းဆုံများ၌ လမ်းဖြတ်ကူးသူတို့အတွက် အချက်ပြမီးများလည်း တပ်ဆင်ထားသည်။ အချက်ပြမီးတွင် လူပုံသင်္ကေတန်မီးစိမ်းပေါ်မှ လမ်းကို ဖြတ်ကူးရသည်။

လမ်းပေါ်၌ ထိခိုက်မှုများမဖြစ်ပွားစေရန်၊ ခြေကျင်ခရီးသွားသူများက စည်းကမ်းများလိုက်နာရန်လိုအပ်သကဲ့သို့ မော်တော်ယာဉ်မောင်းနှင်သူများကလည်း တာဝန်ရှိသည်။ ယာဉ်မောင်းသူသည် အမြဲတမ်း မျက်စိလျင်နေရ၍ လမ်းပြရဲ၏ အချက်ပေးချက်များကိုလည်း အတိအကျလိုက်နာရသည်။ ယာဉ်မောင်းသူများလိုက်နာရမည့်စည်းကမ်းများကို လိုက်နာရန်လည်း အမြဲလိုအပ်သည်။ လမ်းအသုံးပြုသူတိုင်း လမ်းစည်းကမ်းများကို လိုက်နာကြမှသာလျှင် ယာဉ်တိုက်မှုလျော့ပါးနိုင်မည်ဖြစ်သည်။

ယခုအခါ မြို့ပြတို့၏ ဖွံ့ဖြိုးမှုနှင့်အတူ မော်တော်ဆိုင်ကယ်များပေါ်ပေါက်လာပြီး တစ်ဖက်၌လည်း လောင်စာဆီသက်သာ၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်သည်ဟူသောခေါင်းစဉ်ဖြင့် စက်ဘီးအသုံးပြုသူများ ထူထပ်လာကြသည်။ ထို့အတူ လျှပ်စစ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်စက်ဘီးတို့လည်း ပေါ်လာကြသည်။ မော်တော်ဆိုင်ကယ်များသည် စက်တပ်ယာဉ်များဖြစ်သဖြင့် မော်တော်ယာဉ်များအတွက် ရည်စူးချမှတ်ထားသော ယာဉ်စည်းကမ်းကို လိုက်နာရန်တာဝန်ရှိသည်။ မိမိအားအသုံးပြုခွင့်မပေးထားသော နယ်မြေအတွင်းဝယ် အသုံးပြုစီးနင်းနေခြင်းသည် နိုင်ငံကြီးသားမပီသသည့် အမူအကျင့်ပင်ဖြစ်သည်။ ထို့အတူ စက်ဘီးသည်လည်း ယာဉ်တစ်စီးဖြစ်သည်ကို သတိချပ်သင့်သည်။

ယာဉ်တိုက်မှုလျော့ပါးသွားရန် ယာဉ်မောင်းသူများအတွက် အဓိကလိုအပ်ချက်များမှာ မော်တော်ယာဉ်ကို ကောင်းစွာထိန်းသိမ်းမောင်းနှင်ခြင်း၊ မော်တော်ယာဉ်စည်းကမ်းကိုလိုက်နာခြင်း၊ လမ်းစည်းကမ်းကို ကောင်းစွာနားလည်သဘောပေါက်ခြင်း၊ သည်းခံစိတ်ရှည်ခြင်းနှင့် အာရုံထွေပြားမှုမရှိခြင်းတို့ဖြစ်သည်။ အဓိကအားဖြင့် ပြည့်စုံရန်လိုအပ်သည်။ မော်တော်ယာဉ်ကို ကောင်းစွာထိန်းသိမ်းရာ၌ မော်တော်ယာဉ်တွင် ဓာတ်ဆီ၊ အချက်ပြလက်နှင့် အချက်ပြမီး၊ ရေ၊ စတီယာရင်၊ တာယာ၊ ဝိုက်ပါ ခေါ် ရေသုတ်တံ၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်တို့ကောင်းမွန်စွာရှိ၊ မရှိ တစ်နည်း ပြည့်စုံစွာဖြင့်ရှိမှသာ မောင်းနှင်ရန်ဖြစ်သည်။ မော်တော်ယာဉ်ကို မောင်းနှင်သည့်အခါ၌လည်း အန္တရာယ်အကင်းဆုံး မောင်းနှင်နိုင်ရန် အရှိန်ကိုထိန်းတတ်ဖို့အရေးကြီးသည်။ မည်သည့်အရှိန်နှင့်မောင်းလျှင် မည်သည့်အကွာအဝေးလောက်မှစ၍ အရှိန်သတ်ရန်လိုအပ်သည်ကို သိသင့်သည်။ ခြောက်သွေ့သောလမ်းတွင် တစ်နာရီမိုင် ၃၀ နှုန်းနှင့်သွားသောယာဉ်သည် ဘရိတ်အုပ်သင့်ပြီဟု ဆုံးဖြတ်သည့်အချိန်မှစ၍ ဘရိတ်ကို ခြေနှင့်တော့လိုက်ပါက ၇၈ ပေ လိမ့်သွားပြီးမှ ရပ်နိုင်၍ စိုစွတ်သောလမ်းပေါ်တွင်မူ ၁၀၈ ပေ လိမ့်သွားပြီးမှ ရပ်နိုင်သည်။ ထို့ကြောင့် ယာဉ်မောင်းသူသည် မိမိမောင်းနှင်ရှိန်ကို ထိန်းညှိတတ်ရန် အလွန်လိုအပ်သည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နားလည်နိုင်ရန်လည်း သက်ဆိုင်ရာယာဉ်ဌာနများက အခါအားလျော်စွာထုတ်ပြန်သော စည်းကမ်း၊ ဥပဒေများကို လေ့လာထားရန်လည်းလိုအပ်သည်။ လမ်းအန္တရာယ်ကင်းရှင်းရန် လမ်းအသုံးပြုသူတိုင်း လမ်းစည်းကမ်းကိုအဓိကနားလည်လိုက်နာရန်လိုအပ်သည်။ “လမ်းစည်းကမ်းဟူသည်မှာ သက်ဆိုင်ရာအပြစ်ဒဏ်များနှင့်တကွ ချမှတ်ထားသော ဥပဒေကားမဟုတ်ပါချေ။ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်နှင့် လူ့ယဉ်ကျေးမှုဆက်ဆံရေးပေါ်တွင် အခြေတည်၍ လမ်းအသုံးပြုသူများ လုပ်သင့်သော အချက်များနှင့် မလုပ်သင့်သောအချက်များကို စုပေါင်းရေးဆွဲထားခြင်းသာဖြစ်သည်။” ထို့ကြောင့် ယာဉ်အမျိုးမျိုးကိုမောင်းနှင်သူများ၊ လမ်းပေါ်တွင် ခြေကျင်လျှောက်သူများ၊ လူကြီးလူငယ်၊ ကျောင်းသား၊ ကျောင်းသူ၊ ယောကျ်ား၊ မိန်းမများပါမကျန်အားလုံးသောသူတို့အား လမ်းပေါ်၌ ဘေးရန်မတွေ့စေရန် လမ်းစည်းကမ်းများကို သဘောပေါက်နားလည်ထားရန်လိုအပ်သည်။ လမ်းပေါ်တွင်တွေ့ရှိရသော ညွှန်ကြားချက်မှတ်တိုင်အမျိုးမျိုး၊ ယာဉ်မောင်းနှင်သူများ လိုက်နာရန်စည်းကမ်းအမျိုးမျိုး၊ ခြေကျင်ခရီးသွားများ လမ်းဖြတ်ကူးသည့်အခါ သတိထားရမည့် အချက်များ၊ လမ်းပြရဲ၏အချက်ပေးပုံအမျိုးမျိုးကို နားလည်ထားသင့်သည်။

မော်တော်ယာဉ်မောင်းနှင်သူတစ်ဦးသည် လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းပြရဲ၏ အချက်ပြခြင်းကို အမြဲလေးစားသင့်သည်။ ယာဉ်၏ ဘရိတ်၊ စီယာတိုင်နှင့် မီးလုံးများကောင်းမွန်ရန်စစ်ဆေးသင့်သည်။ ယာဉ်မောင်းသည် ခွင့်ပြုသောမိုင်နှုန်းထက် ပိုမမောင်းသင့်ဟူသည်ကိုနားလည်ရမည်။ မူးလျှင်မမောင်းနှင့်၊ မောင်းလျှင်မမူးနှင့်ဟူသည့် ဆောင်ပုဒ်သည် အသက်များစွာကို စာနာတတ်ရန် လှုံ့ဆော်ပေးခြင်းဖြစ်သည်။ ယာဉ်မောင်းသူသည် စာသင်ကျောင်းများအနီး ပို၍ သတိထားမောင်းရန်လိုအပ်သည်။ ဖူးပွင့်လာမည့် ပန်းကလေးများ၏တန်ဖိုးသည် ယာဉ်မောင်းနှင့် ယာဉ်၏မဆင်ခြင်မှု၊ ချွတ်ယွင်းမှုကြောင့် မဆုံးရှုံးသင့်ပါချေ။ အခြားယာဉ်နောက်မှကပ်၍ လိုက်ပါခြင်းသည် မိမိအန္တရာယ်ကို မိမိကိုယ်တိုင် ဖိတ်ခေါ်နေသည့်နှယ်ရှိပါသည်။ ယာဉ်မောင်းနှင့် လမ်းအသုံးပြုသူတို့သည် ရှေ့ကိုကြိုကြည့်တတ်သည့် အလေ့အကျင့်ပြုသင့်သည်။ ဤအကျင့်သည်ရန်ကို ဝေးကွာစေသည်။ ရှေ့မှသွားနေသောယာဉ်က ကျော်တက်နိုင်ခွင့်အချက်မပြမီ ကျော်မတက်ပါနှင့်။ အရေးတကြီးကျော်တက်မိပါက တစ်ဖက်မှ မျက်နှာချင်းဆိုင်လာသောယာဉ်နှင့် ထိပ်တိုက်တွေ့နိုင်ခြေရှိသည်။ တစ်ဖန်အကွေ့၊ လမ်းထောင့်လမ်းဆုံတွင် ဖြတ်ကျော်မတက်ပါနှင့်။ အလွန်အန္တရာယ်ကြီးသော လုပ်ရပ်ပင်ဖြစ်သည်။ ထို့ပြင် အခြားယာဉ်မောင်းသူ မထိမဲ့မြင်ပြုသည်ကို ဒေါသဖြင့်တုံ့ပြန်မပြုပါနှင့်။ စိတ်ရှည်သည်းခံလမ်းကြောင်းမှန်ခြင်းသည် မိမိအတွက် လုံခြုံစေပါသည်။ ယာဉ်မောင်းသူသည် အပြိုင်မောင်းလိုသောစိတ်ကိုဖယ်ရှားပါဟု တိုက်တွန်းလိုသည်။ ဤနေရာသည် ပြိုင်ဆိုင်ရမည့်နေရာမဟုတ်ပါလေ။ ရပ်လိုလျှင်၊ နှေးလိုလျှင်၊ ကွေ့လိုလျှင် အချက်ပြသည့်အကျင့်ကိုပြုပါလေ။ ညဥ့်အခါ ရှေ့မှယာဉ်လာနေလျှင် သို့မဟုတ် မိမိရှေ့၌ ယာဉ်ရှိလျှင် မီးမှိန်ကိုအသုံးပြုပါ။ ယာဉ်မောင်းနေလျှင် အခြားအာရုံကို လုံးဝဖယ်ရှားပါ။ မိမိရှေ့တည့်တည့်ကိုသာ အာရုံစိုက်ထားခြင်းသည် ဘေးကင်းပါသည်။ လမ်းသွယ်မှ လမ်းမကြီးသို့မထွက်မီ ယာဉ်ကိုရပ်၍ ဝဲယာ ကြည့်ပြီးမှထွက်ပါ။ လမ်းပေါ်ရှိ သတိပေးချက်၊ ညွှန်ကြားချက်များကို လေးစားခြင်းသည် မိမိအား လုံခြုံစေသည်။ လက်ဝဲဘက်ကွေ့လိုသည့်အခါနှင့် ရှေ့မှယာဉ်ကိုကျော်တက်သည့်အခါမှလွဲ၍ ယာဉ်ကို ယာဘက်မှကပ်၍မောင်းပါ။ တစ်လမ်းမောင်း စနစ်ကျင့်သုံးရန် သတ်မှတ်ထားသည့် နယ်နိမိတ်အတွင်းသို့မဝင်မီ မိမိသွားရမည့်ခရီးလမ်းကို ကြိုတင်စီစဉ်တွေးထားသင့်သည်။ ယာဉ်ကြောတစ်ခုမှ တစ်ခုပြောင်းရန် လိုအပ်လျှင် ကြိုတင်အချက်ပြပြီးမှ ပြောင်းခြင်းဖြင့် အခြားယာဉ်တို့အား လေးစားခြင်းအမှုကို ပြုသင့်သည်။ ယာဉ်ကြောကူးပြောင်းရန် သတ်မှတ်ထားသော မျဉ်းပြတ်၊ ကွေ့မှယာဉ်ကြောကူးပါ။ လူစည်ကားသောနေရာများ၌ ယာဉ်ကို နောက်ဆုတ်မမောင်းပါနှင့်။ မမြင်နိုင်သောအန္တရာယ်များ ဘွားခနဲပေါ်လာတတ်သည်။ ယာဉ်မောင်းသူသည် ရပ်လို ကွေ့လို ကျော်တက်လိုလျှင် မမေ့မလျော့အချက်ပြပါ။

မော်တော်ဆိုင်ကယ်နှင့် စက်ဘီးစီးသူများသည် လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်တစ်စီးအတွက် လိုက်နာသင့်သည့်စည်းကမ်းများကို ထပ်တူလိုက်နာပေးရန်လိုအပ်သည်။ စက်ဘီးသည် ယာဉ်တစ်စီးဖြစ်သည်ကို သတိပြုပါ။ စက်မဲ့ယာဉ်ဖြစ်သော်လည်း စက်တပ်ယာဉ်နှယ် အန္တရာယ်ပေးနိုင်ပါသည်။ စက်ဘီးအသုံးပြုသူသည်အခြားယာဉ်များနည်းတူ ညွှန်ကြားသည်ကို လိုက်နာရန် လိုအပ်ပါသည်။ တစ်ဖန် မော်တော်ဆိုင်ကယ်နှင့် စက်ဘီးများသည် လူပိုနှစ်ယောက်မတင်သင့်ပါ။ ကြီးမားသောပစ္စည်းများမတင်သင့်ပါ။ အခြားယာဉ်များကို တွယ်၍မလိုက်သင့်ပါ။ ရှေ့မှသွားနေသောယာဉ်ကို ကပ်၍မလိုက်သင့်ပါ။ လမ်း၏ လက်ယာဘက် သို့မဟုတ် မိမိတို့အတွက် သတ်မှတ်ပေးထားသော လမ်းဝယ် စီးပါလေ။ လူသွားစင်္ကြံပေါ်ဝယ် စီးခြင်း၊ လမ်းပြောင်းပြန်စီးခြင်း၊ လက်လွှတ်စီးခြင်း၊ အဆန်းထွင်စီးခြင်း၊ အရှိန်ပြင်းစွာစီးခြင်း၊ စက်ဘီးနှစ်စီးယှဉ်၍စီးခြင်းမပြုပါနှင့်။ ညဥ့်အခါ မီးထွန်း၍စီးပါ။ ရှေ့နှင့်နောက်ဘရိတ်များ ကောင်း၊ မကောင်း စစ်ဆေးပါ။ လမ်းများပေါ်ရှိ လမ်းညွှန်အမှတ်အသားများအတိုင်း လိုက်နာခြင်းတို့သည် မိမိနှင့် အများသူငါတို့ အန္တရာယ်ကင်းရာရောက်သည်။

ခြေကျင်ခရီးသွားများသည် လမ်းအန္တရာယ်ကင်းဝေးစေရေးအတွက် လမ်းဘေးပလက်ဖောင်း သို့မဟုတ် လူသွားစင်္ကြံရှိလျှင် လူသွားလမ်းပေါ်မှလျှောက်ပါ။ လမ်းပေါ်ဆင်း၍မလျှောက်ပါနှင့်။ ပလက်ဖောင်းမရှိလျှင် လမ်းနှုတ်ခမ်းကိုကပ်၍လျှောက်ပါ။ လမ်းကိုဖြတ်ကူးသည့်အခါ လူကူးမျဉ်းကျားပြုလုပ်ထားသည့်နေရာမှသာ ဖြတ်ကူးပါ။ မီးပွိုင့်လမ်းဆုံတွင် လေးဘက်လေးတန် ဆေးဝါဖြင့်ရေးဆွဲထားသော မျဉ်းနှစ်ကြောင်းအတွင်းမှသာ ဖြတ်ကူးပါ။ လမ်းဖြတ်ကူးခါနီး၌ လမ်းနှုတ်ခမ်း၌ရပ်၍ ယာဉ်လာမည့်ဘက်သို့ကြည့်၍ ကူးပါ။ လမ်းအလယ်၌ ရပ်နားရန်နေရာရှိလျှင် ရပ်တန့်ပြီး ပထမဖြတ်ကူးစဉ်ကအတိုင်း ကြည့်၍

စာမျက်နှာ ၁၄ သို့ ➤

➤ စာမျက်နှာ ၁၃ မှအဆက်

ဆက်ကူးပါ။ မိမိ လက်ဝဲ၊ လက်ယာတို့မှ အသွားအလာကို ကောင်းစွာမမြင်ရလောက်အောင် ယာဉ်များနှင့် အခြားအတားအဆီးများရှိနေပါက သို့မဟုတ် မျက်စိတဆုံး မမြင်နိုင်ပါက အထူးသတိထား ဖြတ်ကူးရမည်။ သွားလာနေသည့်ယာဉ်မှ ယာဉ်မောင်းမြင်နိုင်သောဘက်မှသာဖြတ်ကူးပါ။ မီးအချက်ပြရှိသည့်နေရာ၌ ယာဉ်အတွက် မီးနီပြထားချိန်ကျမှ လမ်းဖြတ်ကူးပါ။ အချို့နေရာ၌ အစိမ်း၊ အနီ မီးအချက်ပြများတပ်ဆင်ထားတတ်သည်။ လူရုပ်နှင့် မီးအစိမ်းရောင်လင်းမှ ဖြတ်ကူးပါ။ လူရုပ်နီနေသောအခါဖြတ်မကူးပါနှင့်။ လူအစုအအုပ်နှင့် လမ်းဖြတ်ကူးလျှင် တစ်ယောက်နောက် တစ်ယောက်စီ၍ မဖြတ်ပါနှင့်။ စောင့်ရသော ယာဉ်များ အချိန်ကုန်အောင် လုပ်ရာကျပါသည်။ ပခုံးချင်းယှဉ်စီပြီး ခပ်မြန်မြန်ဖြတ်ကူးပါ။ လမ်းကို ဖြတ်ကူးသည့်အခါ ခားလွယ်ခုတ်မကူးဘဲ တည့်တည့်ဖြတ်ကူးပါ။ တည့်တည့်ဖြတ်ကူးခြင်းသည် ခရီးအတိုဆုံးဖြစ်၍ အမြန်ဆုံးရောက်နိုင်သည်။ အရွယ်မရောက်သေးသော၊ အသိဉာဏ်မပြည့်ဝသေးသော ကလေးငယ်များအား အုပ်ထိန်းသူများက လက်ကို မြဲမြဲတွဲပြီးမှ လမ်းကိုဖြတ်ကူးပါ။ လမ်းပေါ်၌ မူးယစ်သောက်စားသွားလာခြင်းကို ရှောင်ပါ။ လမ်းပေါ်၌ ငေးမောမလျှောက်ပါနှင့်။ လိုအပ်လျှင် ယာဉ်ထိန်းရဲအကူအညီတောင်းပါ။

လမ်းမများပေါ်ဝယ် လမ်းကိုအသုံးပြုနေကြသည့် အမြန်ယာဉ်/အနှေးယာဉ်များ၊ ခြေကျင်ခရီးသွားသူများ၊ ယာဉ်ထိန်းရဲများဟူသည့် သုံးနားညီတြိဂံတစ်ခုတည်ရှိနေသည်။ သုံးနားညီတြိဂံ၏သဘောအရ ညီတူညီမျှ တာဝန်အသီးသီးရှိသည်။ သုံးနားညီတြိဂံတို့ အညီအညွတ်ပြုခြင်းသည် လမ်းစည်းကမ်းကို လိုက်နာနေခြင်းသာဖြစ်ပါသည်။ လမ်းအသုံးပြုသူတိုင်း အန္တရာယ်ကင်းဝေးစေကြောင်း ဤဆောင်းပါးဖြင့် ပံ့ပိုးခြင်းသာဖြစ်ပါကြောင်း။ ။

နေပြည်တော်၊ လူမှုရေး

## ကျွဲ နွားများအား ခွာနာ လျှာနာ ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံ

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာများသို့သွားရောက်၍ ကျွဲ၊ နွားများအား ခွာနာ၊ လျှာနာရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို ဇေယျာသီရိမြို့နယ်အတွင်းရှိ ကျွဲ၊ နွား ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရန်အတွက် ထိုးနှံပေးခြင်းဖြစ်ရာ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြတ်စုခိုင်နှင့် ဝန်ထမ်းများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများက ကျောက်ချက်ကျေးရွာအုပ်စုနှင့် သာယာကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ကျေးရွာများရှိ ကျွဲ၊ နွားများအား ကာကွယ်ဆေး အခမဲ့ထိုးနှံပေးသည်။

မြို့နယ်အတွင်း ကျန်ရှိသည့်ကျေးရွာအုပ်စုများသို့လည်း ဇူလိုင်လ ၄ ရက်မှ ၁၃ ရက်အထိ သွားရောက်၍ ကျွဲ၊ နွားများအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၄၁၃)

ပြည်၊ ဒေသဖွံ့ဖြိုးရေး(ကျေးလက်)

## ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် အုတ်ဆွဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အုတ်ဆွဲကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ Pipe Culvert ခုနစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ပြည်မြို့နယ် အုတ်ဆွဲကျေးရွာ၌ အရှည် ပေ ၃၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသောမြေနီခင်းခြင်းလုပ်ငန်း၊ အချင်း ၂ ပေ၊ အရှည်ပေ ၂၀ ရှိသော Pipe Culvert ခုနစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၈၁ ဒသမ ၉၇ သန်း အသုံးပြုပြီး မင်းဘုန်းခကုမ္ပဏီမှတာဝန်ယူ၍ ဇွန်လ ၁၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်ထံမှ သိရသည်။

**ကိုနိုင်(ကျေးလက်)**



## တို့လူမျိုးဂုဏ် မြှင့်တင်စို့

➤ ငယ်နုနယ်စဉ်၊ အရွယ်တွင်စ
လူ့ဘဝလမ်း၊ ဖြတ်သန်းလှမ်းလျှောက်
ခရီးပေါက်အောင်၊ ပြီးမြောက်ဆောင်ထား
ပညာအားတွေ၊ များထွေကိစ္စ
အဆုံးအမ အသုံးချဖို့။

➤ ငယ်ကပညာ၊ ကြိုးစားကာပင်
ဖွေရှာသင်မှ၊ သားလူလှရဲ့
ဘဝ ရှေ့ရေး၊ မြော်တွေးချင့်လမ်း
အရောက်လှမ်းရာ အောင်ပန်းဖြာလိမ့်။

➤ ပညာပြည့်ဝ၊ ကုံလုံကြလျှင်
ဘဝတွင်ဝင့်၊ တင့်တယ်ဆင့်ကာ
ဂုဏ်ရှိန်ဝါကြွား၊ လွန်မြင့်မား၍
ကြီးထွားဝန်းကျင်၊ အလှဆင်ကာ
တာဝန်စွမ်းဆောင်၊ ဆောင်တိုင်းအောင်လိမ့်။

➤ ပညာတတ်ဘိ၊ ဉာဏ်မျက်စိဖြင့်
တွေးဆင့်ကျိုးကြောင်း၊ ဆိုးကောင်းမှားမှန်
ခွဲခြားဉာဏ်ဝင့်၊ သွယ်သွယ်တင့်၍
ဆင့်မြင့် ဓမ္မ၊ လောက သံသရာ
စေလိုရာစေ လမ်းမသွေတည့်။

➤ သြော်. . .
စာပေသင်ကြား၊ မှန်မှားချင့်ချိန်
အတိမ်အနက်၊ ဖြစ်ပျက်ကောင်းဆိုး
ကြောင်းကျိုးမွေနှစ်၊ ဖွေလှစ်တန်ဖိုး
မြတ်နိုးကြိုးစား၊ အမျိုးသားပညာရေး
လူတိုင်း အသွေးသား၊ အလေးထား၍
လေးစားပညာ၊ ကိုယ်စီရှာဖွေ. . .
"ပညာအမွေ ပေးကြစို့"။
"တို့လူမျိုးဂုဏ် မြှင့်တင်စို့"။ ။

**အကျော်ပင်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

နေပြည်တော် ဇူလိုင် ၄

# မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါ်မိုင်းရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ပေါ်မိုင်းရပ်ကွက်ရှိ တောရကျောင်းတိုက်နှင့် သာသနာပြုသီလရှင်ကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်စဉ်။





အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လားရှိုးမြို့အတွင်းရှိ နေအိမ်အချို့နှင့် မူလတန်းလွန်ကျောင်းဆောင်ပျက်စီးနေမှုကို တွေ့ရစဉ်။

နေထိုင်လျက်ရှိသော မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းနှင့် တိုက်ပွဲများဖော်ဆောင်ခြင်းများ လုပ်ဆောင်မှုကြောင့် မြို့၊ရွာများရှိ ဘာသာရေးအဆောက်အဦများ၊ လူနေအိမ်များနှင့် စာသင်ကျောင်းများ အပါအဝင် ဌာနဆိုင်ရာအဆောက်အဦများ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်ကို ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံပြည်သူများက ထိုသို့အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

⏭ ကျောဖုံးမှအဆက်

ယနေ့တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ နံနက် ၈ နာရီ ၂၀ မိနစ်ခန့်တွင် ရပ်ကွက် (၉)၊ နယ်မြေ (၃) စိန်ပန်းလမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၈ နာရီခွဲခန့်တွင် ရပ်ကွက်(၉)၊ နယ်မြေ (၁) စံပယ်လမ်းရှိ လူနေအိမ်များပေါ်သို့လည်းကောင်း၊ နံနက် ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၉)၊ နယ်မြေ(၁) ကြံတိုင်းအောင်လမ်းပေါ်ရှိ လူနေအိမ်များပေါ်သို့ လည်းကောင်း ရှော့တိုက်ဒုံးများ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမျိုးသား ၂ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၃ ဦး သေဆုံးခဲ့ကာ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၂ ဦး ပြင်းထန်စွာထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်းနှင့် အဆိုပါဒဏ်ရာရရှိသူများအား လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူများသည် နံနက် ၁၁ နာရီခန့်တွင် ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့ရာ လားရှိုးမြို့၊ ရပ်ကွက် (၉)၊ နယ်မြေ (၂)အတွင်းရှိ အမှတ် (၁၅) အခြေခံပညာမူလတန်း(လွန်)ကျောင်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး စာသင်ဆောင်များ ထိခိုက်ပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ဇူလိုင်လ ၃ ရက်နေ့မှစ၍ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယနေ့အထိ အပြစ်မဲ့ပြည်သူ အသက် ၁၂ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးငယ် ၃ ဦး၊ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၃ ဦး၊ စုစုပေါင်း ၁၀ ဦး သေဆုံးခဲ့ပြီး ပြည်သူအချို့ ပြင်းထန်စွာထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ထိုသို့ အပြစ်မဲ့ပြည်သူများ အေးချမ်းစွာ





အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လားရှိုးမြို့အတွင်းရှိ အပြစ်မဲ့ဒေသခံပြည်သူအချို့ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 4

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing receives Ambassador of People's Republic of China



Senior General Min Aung Hlaing shakes hands with Ambassador of People's Republic of China H.E. Mr. Chen Hai.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing received Ambassador of People's Republic of China H.E. Mr. Chen Hai, who had completed his tour of duty in Myanmar, at the Credentials Hall at his office here this morning.

At the meeting, views on further improving diplomatic relations, friendship and cooperation between China and Myanmar, which are strategic partners, exchange of friendship tours of senior officials of both countries, Myanmar's efforts for national development and internal peace and China's ongoing support, bilateral cooperation for border area peace and stability, preparations for free and fair multi-party democracy general election, were cordially exchanged.

Present at the call together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister Union Minister for Foreign Affairs U Than Swe and officials.

After the call, the Senior General and PRC Ambassador exchanged commemorative gifts and posed for documentary photo. **100**



Senior General Min Aung Hlaing receives Ambassador of People's Republic of China H.E. Mr. Chen Hai.

AGRICULTURE

# Kalay District farmers achieve record harvest: 15,633 acres of winter green beans

A total of 15,633 acres of green beans planted during the winter crop planting season in Kalay District have been harvested, according to statistics from the Department of Agriculture for Kalay District.

The harvest of green beans planted in Kalay District has been completed since February this year, and 17.04 baskets per acre have been harvested.

"There will be education to expand the cultivation of green beans and to use good varieties for good yield," said U Aung, head of the Department of Agriculture for Kalay District.

The completion of green bean harvesting by townships in Kalay District are as per following: 9,190 acres in Kalay Township, 795 acres in Kalewa Township, and 5,648 acres in Minkin Township.

During the 2023-2024 winter crop planting season, 15,629 acres of green beans were earmarked for planting in Kalay District and from October to December, 2023, 15,633 acres were cultivated.

In addition, 8,368 acres of green beans have been earmarked for planting in Kalay District during the 2023-2024 rain crop planting season.

**SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

FISHERY

# Natyaygan fishing camp to release more than 300,000 fingerlings into natural water in 2024-2025 FY

Natyaygan fishing camp will release more than 310,000 fingerlings with 20 inches long size into the natural water in 2024-2025 financial year for ensuring sustainability of fish resources in Mandalay Region.

Fishing camps in Mandalay Region have to release fingerlings into the natural water on their quota. Natyaygan camp will release 310,000 fingerlings with Shwewah rohu, sturgeon and barbus fish species, said Daw San San Oo, assistant director of the fishing camp.

"Fishing camps in the region have to release fingerlings into the water this financial year. Of them, Natyaygan camp will release 310,000 fingerlings into rivers, creeks, lakes, dams and natural water areas. It aims to increase fish resources in the natural areas for local farmers and ensure sustainability of fish resources," she explained.

In this regard, Natyaygan camp set a plan to release 310,000 fingerlings this financial year. Three fishing camps in Mandalay Region such as Thayetgon, Natyaygan and Yenatha camps release fingerlings into the natural water on a yearly basis in cooperation with partner organizations.

**SK**

BUSINESS

# White mustard in high trading in Mandalay market



According to the Mandalay market, white mustard which comes from hilly regions is marketable at Thiri Marlar green grocery market in Aungmyethazan District of Mandalay.

About 5-6 truckloads of white mustard which come from PyinOoLwin and Ywangan regions flow into Thiri Marlar green grocery market in Mandalay on a daily basis. At present, white mustard fetches Ks-5,000 to Ks-7,000 per 22-27-viss bag, said U Aung Moe Naing, an owner of Aung brokerage in Mandalay.

"At present, white mustard comes from PyinOoLwin and Ywangan regions only. Number of growers is on the decrease due to climatic conditions. About six truckloads of mustard enter the market daily," he explained.

Other crops such as potato, cucumber, tomato, cabbage, chilli, eggplant chickpea and cauliflower are also marketable in Mandalay. At present many trucks of green groceries are flowing to Mandalay market on a daily basis.

**SK**

LIVESTOCK

# Authorities to boost soya bean meal production

The Ministry of Agriculture, Livestock and Irrigation will endeavour to reduce soya bean meal import for animal feed year over year and boost domestic production, Deputy Minister Dr Aung Gyi said.

The soya bean meal is utilized for animal feed production as quality vegetable protein. The ministry held a meeting regarding import substitution for the soya bean cake at the No 36 office building in Nay Pyi Taw on 20 June.

He highlighted matters regarding the reduction of soya bean meal import, bolstering domestic production, increase in oil crop plantation, the quality standard for soya bean meal, yearly output for soya bean meal, cut import volume on soya bean meal, self-sufficiency for feedstuff and future plan to have a competitive market for feedstuff. He urged attendees to participate actively in the discussion.

Representatives from institutions concerned and the private sector also talked about the production of oil crops, including soya bean, oil milling process, quality for oil seed cake and food safety measures, upgrading mills and private financing for the development of oilseed cake, support to extend soya bean plantation and coordination to fulfil the requirements in feedstuff production by oil mills.

**SMK**

INDIA

# Floods affect over 1.6 million in India's Assam as death toll rises to 46


Floods affect over 1.6 million in India's Assam as death toll rises to 46.

The ongoing floods in India's northeastern state of Assam have affected over 1.6 million people and so far killed 46, officials said Thursday.

The situation continues to be grim in the flood-hit 29 districts of the state.

On Wednesday eight more deaths were reported from across the state, bringing the death toll to 46 due to flooding so far.

According to Assam State Disaster Management Authority (ASDMA), 2,800 villages are inundated and over 39,451 hectares of crop area have been damaged across the affected districts.

Officials said rescue and relief operations have been intensified by the local administration in the state's 29 affected districts, where 1,625,089 people are affected by the floods.

The local authorities have set up 181 relief camps and 334 distribution centers in the affected districts, where 386,959 people, including 8,551 children, have been provided food and shelter.

**Xinhua**

PAKISTAN

# Pakistan navy conducts successful firing of surface-to-air missile

The Pakistani navy has successfully conducted the firing of surface-to-air missiles, showcasing its ground-based air defense capabilities, the Pakistan Army has said.

During the live weapon firing exercise of FN-6 missiles, the Pakistani navy's ground-based air defense system accurately targeted and hit aerial targets, demonstrating its operational effectiveness, the Inter-Services Public Relations (ISPR) or the Pakistan Army's media wing said in a statement released on Wednesday.

"The successful missile firing underscores the Pakistan Navy's robust capability to respond to any potential enemy aggression," the statement said.

This exercise is a testament to the navy's preparedness and commitment to defending the nation's airspace against any threats.

**Xinhua**

ISRAEL

# Death toll from Israeli strikes on Gaza Strip tops 38,000 - Health Ministry


Death toll from Israeli strikes on Gaza Strip tops 38,000.

The death toll from Israeli strikes on the Gaza Strip since October 7 has risen to 38,011, with 87,445 people injured, the enclave's health ministry said on Thursday.

"The number of victims of the Israeli aggression since last October 7 has reached 38,011, with 87,445 injured," the ministry said in a statement.

In the past 24 hours, 58 dead and 179 injured were admitted to Gaza hospitals, the statement added.

On October 7, 2023, Palestinian movement Hamas attacked Israel from Gaza, killing more than 1,100 Israelis - both military and civilians - and abducted some 240 others. Israel implemented a complete blockade of Gaza and started a bombing campaign and a ground invasion of the Palestinian enclave with the declared goal of eliminating Hamas and rescuing the hostages.

**Sputnik**

INDIA

# India and China vow to 'redouble efforts' to resolve border dispute

New Delhi and Beijing have agreed to "redouble efforts through diplomatic and military channels" to find an "early resolution" of long-standing border disputes, Indian Foreign Minister Subrahmanyam Jaishankar said on Thursday. The statement came after he met his Chinese counterpart, Wang Yi, on the sidelines of the Shanghai Cooperation Organization (SCO) summit in Astana, Kazakhstan.

India and China share a vaguely defined 3,440km (2,100-mile) border called the Line of Actual Control (LAC) in the Himalayan region, which has been the scene of numerous skirmishes. Tensions last flared in June 2020, after troops clashed in the disputed Galwan Valley, resulting in casualties on both sides.

"Respecting the LAC and ensuring peace and tranquility in the border areas is essential," Jaishankar wrote after holding talks with Wang in Astana. "Mutual respect, mutual sensitivity, and mutual interest" will guide bilateral ties, the diplomat added.

In April, Indian Prime Minister Narendra Modi said New Delhi and Beijing must "urgently address" ongoing border disputes and resolve the "abnormality" in their ties. Last year, Modi met Chinese President Xi Jinping on the sidelines of the BRICS summit in Johannesburg, South Africa and discussed ironing out differences at the border.

New Delhi and Beijing have held more than 20 rounds of border talks since the 2020 incident, with the latest taking place in March this year. However, there has been no indication of a breakthrough. According to the Foreign Ministry in New Delhi, the two sides have agreed to maintain "regular contact" through diplomatic and military channels to maintain peace. **RT**

RUSSIA

# Russian oil revenues continue to grow – Bloomberg

Russia's revenues from oil exports surged by almost 50 percent last month compared to a year ago as prices for the country's flagship Urals grade soared and producers adapted to Western sanctions, Bloomberg reported on Wednesday.

Moscow's income from crude sales rose with oil-related taxes climbing to 590.6 billion rubles (US$-6.7 billion) last month compared to 402.8 billion rubles (US$-4.5 billion) in June 2023, according to Bloomberg calculations based on Russian Finance Ministry data.

Total oil and gas profits grew by 41 percent to 746.6 billion rubles (US$-8.4 billion), the data showed.

According to the outlet, the surge has been attributed to higher prices for Russia's key export Urals blend. The ministry calculated June taxes based on the Urals price of US$-67.37 a barrel, up from US$-53.50 a year ago.

Urals' discount to the global Brent benchmark has declined, despite the US$-60 per barrel price cap on Russian oil introduced by the G7 and EU.

Western governments imposed the price cap along with an embargo on Russian seaborne oil in an effort to hit the country's economy, while at the same time keeping Russian crude flowing to global markets. The sanctions were imposed in December 2022 and were followed in February 2023 by similar restrictions on exports of Russian petroleum products.

In response, Russia has rerouted most of its energy exports to Asia – particularly to India and China, where the country's oil has been sold well above the West's price cap.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chinese scientists create Frankenstein robot that has a HUMAN BRAIN

- **Scientists develop an indestructible robotic hand**



**Chinese scientists have achieved a groundbreaking feat by creating a robot powered by a lab-grown human brain.**

Chinese scientists have created a Frankenstein-like robot that is powered by a tiny human brain in a first-of-its-kind feat.

The robot works by using a lab-grown brain organoid, a mass of cells, and a computer chip that interacts with the brain's nervous system.

It has been described as a 'brain on a chip' that functions like a human brain using sensors and an AI-powered algorithm which prompts the robot to move, grab objects and avoid obstacles.

The team claimed that the brain shows signs of intelligence, similar to a human brain, by autonomously moving its extremities, and could lead to methods for repairing damage to a human's cerebral cortex and create other techniques to heal neurological disorders.

A team of Chinese scientists used stem cells – a type of cell that forms brain tissue in the body-to build the brain.

They paired it with a computer chip that passes instructions to the robot's body that is a mixture of human cells and computer chips that function like a human brain.

Scientists from at Tianjin University created the machine using brain-computer interfaces (BCI) that combine the electrical signals released from a brain with the computer chips.

This interface is the same system used to create Elon Musk's Neuralink chip that has been implanted in a human patient's brain, allowing him to control a computer with his mind.

Neuralink's device is powered by a custom chip within the implant that processes signals and transmits them to a computer through a standard Bluetooth connection.

However, the Chinese researchers have not shared how they transmit signals to their organoid.

To create their 'living machine,' the team used pluripotent stem cells - a type of cell that exists in early embryonic development - to form the organoids that divided into different kinds of cells found in the brain, including tissue, said Ming Dong, the study's lead author.

Organoids are tiny, self-organized three-dimensional tissue cultures made from stem cells.

Such cultures can be crafted to replicate much of the complexity of an organ, or to express selected aspects of it like producing only certain types of cells.

Scientists take the stems cells and cultivate them for about one month until they form features like neurons.

However, the Chinese scientists have not revealed how they trained the organoid to know when the robot should perform specific tasks.

The team said the technology still faced 'bottlenecks such as low developmental maturity and insufficient nutrient supply,' which typically include antioxidants, fibers and minerals.

When the organoids were grafted into the brain, they established a functional connection when treated with a low-intensity ultrasound.

Low-intensity ultrasound stimulation regrows human tissues to form neurons that send messages from the brain to allow the robot to move autonomously.


Researchers explained that the robot does not have eyes and only responds through the electrical and sensory signals sent by the neurons.

The team clarified that the pink blob atop the robot's shoulders in the images is just a cosmetic representation of what the brain will look like, not the actual tissue which is still being used in prototypes.

'Brain organoid transplants are considered a promising strategy for restoring brain function by replacing lost neurons and reconstructing neural circuits,' the study said, according to the South China Morning Post.

However, the research is still in the early stages of development and it remains unclear if the organoids could ever be used to repair or reconstruct damaged brain tissues.

This comes days after scientists in Japan grafted human skin tissue and skin-ligament structures on a robot's face to display human-like emotions.



**A team of Chinese scientists used stem cells to build the brain and paired it with a computer chip that passes instructions to the robot's body that helps move its limbs, avoid obstacles and track targets.**

Scientists at the University of Tokyo released a video showing a bizarre smiling robotic face created out of lab-grown human skin.

According to the team, robots with real skin not only have an 'increasingly lifelike appearance' but could heal themselves if damaged.

**Mail Online**

# NATO အဖွဲ့ကြောင့် တင်းမာမှုများပိုမိုထွက်ပေါ်လာနိုင်သည့် အာရှ-ပစိဖိတ်ဒေသ

နိုင်အောင်

NATO အဖွဲ့အနေဖြင့် ဥရောပတွင် ရှုပ်ထွေးမှုများကို ဖန်တီးခဲ့ပြီးဖြစ်ရာ အာရှ-ပစိဖိတ်ဒေသတွင်လည်း လုံခြုံရေးအရ ထိခိုက်စေခြင်းမပြုရန် တရုတ်နိုင်ငံက ယင်းအဖွဲ့ကြီးအား ယခုရက်သတ္တပတ်အစောပိုင်းက သတိပေးလိုက်သည်။




NATO အနေဖြင့် ဥရောပ၊ အထူးသဖြင့် အရှေ့ဥရောပဒေသ၌ လုံခြုံရေးရှုပ်ထွေးမှုများကို ဖန်တီးခဲ့ပြီးဖြစ်သောကြောင့် အာရှ-ပစိဖိတ်ဒေသအတွင်း၌ လုံခြုံရေးအခြေအနေ လျော့ပါးစေရန်မလုပ်ဆောင်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ NATO အဖွဲ့က နိုင်ငံရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကြောင့် လွှမ်းမိုးမှုကြီးထွားလာသည့် ရုရှား၏ ခြိမ်းခြောက်မှုကိုကာကွယ်ရန်အတွက်ဟူသော အကြောင်းပြချက်ဖြင့် ၎င်းတို့၏ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် ရုရှားနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အရှေ့ဥရောပနိုင်ငံများ၌ ၎င်းတို့၏တပ်ဖွဲ့များနှင့် လက်နက်ခဲယမ်းများ ဖြန့်ကြက်ခြင်းကို နှစ်ပေါင်းများစွာကတည်းက လုပ်ဆောင်နေခြင်းကို တရုတ်က ရည်ညွှန်းပြောဆိုခြင်းဖြစ်ဖွယ်ရှိသည်။

ထို့ပြင် NATO အဖွဲ့အနေဖြင့် တရုတ်နိုင်ငံအား ဖိအားပေးနိုင်ရန်အတွက် အာရှ-ပစိဖိတ်ဒေသအတွင်းသို့ လွှမ်းမိုးမှုချဲ့ထွင်မည်ဟု အဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ ဂျန်စတိုတန်ဘာ့က ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့သည်ကိုတွေ့ရသည်။ ၎င်း၏ အဆိုပါပြောဆိုချက်သည် စစ်အေးတိုက်ပွဲကာလ စိတ်သဘောထားကို ထင်ဟပ်ပြသလျက်ရှိပြီး တင်းမာမှုများကိုဖန်တီးရန်၊ ထိပ်တိုက်ရင်ဆိုင်မှုများဖြစ်ပေါ်စေရန်နှင့် ဒေသတွင်းလုံခြုံရေးကို လျော့ပါးစေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု တရုတ်က တုံ့ပြန်ပြောကြားခဲ့သည်။

ထို့ပြင် ပိုဆိုးသည့်အချက်မှာ ဒုတိယကမ္ဘာစစ်ဖြစ်ပွားပြီးနောက်ပိုင်းအချိန်မှစ၍ ဥရောပ၌ အကြီးမားဆုံးသော လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်စေရန် လှုံ့ဆော်နေမှုအတွက် တရုတ်နိုင်ငံတွင်တာဝန်ရှိသည်ဟု ဂျန်စတိုတန်ဘာ့က ဂျပန်သတင်းစာကြီးတစ်စောင်ဖြစ်သည့် ယူမီယူရီနှင့် လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် စွပ်စွဲပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ပြောဆိုချက်များကို လေ့လာကြည့်မည်ဆိုပါက လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခနှင့် ဆက်နွှယ်လျက်ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ ရုရှားနိုင်ငံသည် တရုတ်နိုင်ငံမှ လွှဲပြောင်းပေးနေသည့် အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ ဒုံးကျည်များနှင့် ဒရုန်းများကို ထုတ်လုပ်နေသည်ဟု ဂျန်စတိုတန်ဘာ့က ပြောကြားထားသည်။ ထို့ကြောင့် လက်ရှိ ယူကရိန်းပဋိပက္ခတွင် တရုတ်၌ တာဝန်မကင်းဟု ၎င်းကထောက်ပြထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် NATO အဖွဲ့က အာရှ-ပစိဖိတ်ဒေသအတွင်း၌ ပိုမိုပါဝင်လာမည့် ကြိုးပမ်းချက်ကို ခိုင်မာစွာဖြင့် ဆန့်ကျင်ထားသည်။ အကြောင်းမှာ အာရှ-ပစိဖိတ်ဒေသအတွင်း ပိုမိုပါဝင်လာမည့် NATO အဖွဲ့က တရုတ်နိုင်ငံအား ဖိအားပေးရန် ကြိုးပမ်းနေခြင်းကြောင့်ဖြစ်သည်။ အကြောင်းမှာ တရုတ်နိုင်ငံသည် NATO အဖွဲ့အတွက် စနစ်တကျတည်ရှိနေသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် ၎င်းတို့ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် အတိအလင်းဖော်ပြခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် NATO အဖွဲ့၏ အာရှ-ပစိဖိတ်ဒေသအတွင်း ပါဝင်လာရေး ကြိုးပမ်းမှုသည် အဓိကအားဖြင့် တရုတ်နိုင်ငံအား ဖိအားပေးရန်အတွက်ဖြစ်သည်ဟုဆိုနိုင်သည်။

ထို့ပြင် တရုတ်နှင့်ရုရှားတို့ကြား ဆက်ဆံရေးတိုးတက်လာခြင်းသည် စည်းမျဉ်းစည်းကမ်းကိုအခြေခံသည့် နိုင်ငံတကာအစီအစဉ်ကျမှုကို လျော့ပါးစေသည်ဟု NATO အဖွဲ့က အစောပိုင်းကတည်းက စွပ်စွဲပြောကြားခဲ့သည်။ သို့သော် တရုတ်နှင့် ရုရှားတို့၏ဆက်ဆံရေးသည် ဘက်လိုက်မှုမရှိခြင်း၊ ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားခြင်း၊ အခြားနိုင်ငံများအပေါ် ပစ်မှတ်ထားလုပ်ဆောင်ခြင်းစသည့် စည်းမျဉ်းများအပေါ် အခြေခံထားခြင်းဖြစ်သည်ဟု တရုတ်အစိုးရက တုံ့ပြန်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် NATO အဖွဲ့အနေဖြင့် အခြေအမြစ်မရှိသော စွပ်စွဲချက်များလုပ်ဆောင်နေခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့သည်။

NATO အဖွဲ့သည် အကြွင်းမဲ့လုံခြုံရေးကိုရှာဖွေရာတွင် ချဉ်းကပ်လုပ်ဆောင်မှုပုံစံများယွင်းနေပြီး ဥရောပဒေသ၌ လုပ်ဆောင်နေသည့် လုံခြုံရေးဆိုင်ရာရှုပ်ထွေးစေမှုများကို ရပ်တန့်၍ အာရှ-ပစိဖိတ်ဒေသအား တည်ငြိမ်မှုလျော့ပါးစေမည့် ဆောင်ရွက်ချက်များအား လက်လျှော့ရန် တရုတ်နိုင်ငံက တောင်းဆိုထားခြင်းဖြစ်သည်။

ထို့ကြောင့် တရုတ်နှင့် NATO အဖွဲ့တို့ကြား ဆက်ဆံရေးသည် တရုတ်-အမေရိကန် ဆက်ဆံရေးအပေါ် မူတည်နေမည်ဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်ထားသည်၊ အဘယ်ကြောင့်ဆိုသော် NATO အဖွဲ့ဝင်နိုင်ငံအားလုံးနီးပါးသည် အမေရိကန်၏ထိန်းချုပ်ဦးဆောင်မှုအောက်တွင် ရှိနေသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် မကြာမီအနာဂတ်ကာလတွင် NATO အဖွဲ့က အာရှ-ပစိဖိတ်ဒေသအတွင်းသို့ဝင်ရောက်လာပြီး ခြိမ်းခြောက်မှုများလုပ်ဆောင်လာနိုင်မည့် အလားအလာအတွက် ကြိုတင်ပြင်ဆင်ထားသင့်သည်ဟူသောအကြံပြုချက်များလည်း ထွက်ပေါ်လာခဲ့သည်။ ထို့ပြင် အမေရိကန်ဦးဆောင်သည့် အဆိုပါအဖွဲ့သည် တရုတ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုပါ ခြိမ်းခြောက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ထောက်ပြထားသည်။

အကယ်၍ NATO အဖွဲ့အနေဖြင့် ၎င်းတို့၏ မဟာမိတ်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် ကိုယ်စားလှယ်ရုံးတစ်ခုဖွင့်လှစ်၍ ခြေကုပ်ရယူနိုင်မည်ဆိုပါက ယင်းလုပ်ဆောင်ချက်သည် NATO အဖွဲ့၏ အာရှ-ပစိဖိတ်ဒေသအတွင်း ဝင်ရောက်ရေးကြိုးပမ်းချက်တစ်ရပ်ဖြစ်လာပြီး တရုတ်အားရန်စလာနိုင်သည်။ သို့သော် ဥရောပ၏လုံခြုံရေးနှင့် လုံးဝသက်ဆိုင်မှုမရှိသည့် အာရှဒေသရှိ ပြဿနာသစ်များတွင် ဥရောပနိုင်ငံအချို့က ပါဝင်လိုခြင်းမရှိပေ။

သို့သော် ဂျပန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံသည် အမေရိကန်၏ မဟာမိတ်နိုင်ငံများအဖြစ် ရပ်တည်နေသည့်အပြင် NATO အဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲသို့လည်း တက်ရောက်လျက်ရှိသည်။ ထို့ပြင် ဂျပန်နှင့် NATO အဖွဲ့တို့ကြား လုပ်ဆောင်နေသည့် ပူးပေါင်းဆောင်ရွက်မှုများသည် သမားရိုးကျလုံခြုံရေးနယ်ပယ်များကို ကျော်လွန်လာခဲ့ပြီး ဆိုက်ဘာလုံခြုံရေးကဏ္ဍတွင်ပါ ပူးပေါင်းလုပ်ဆောင်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် တောင်ကိုရီးယားနိုင်ငံကလည်း NATO အဖွဲ့နှင့် စစ်ရေးသတင်းအချက်အလက် ဖလှယ်မှုကို တိုးမြှင့်လုပ်ဆောင်မည်ဟု ပြောကြားခဲ့ပြီး NATO အဖွဲ့က ယူကရိန်းသို့ ပေးအပ်နေသည့် ရန်ပုံငွေအဖွဲ့တွင်လည်း ပါဝင်လာခဲ့သည်ကိုတွေ့ရသည်။ ယင်းအချက်များသည် NATO အဖွဲ့အတွက် အာရှ-ပစိဖိတ်ဒေသအတွင်း ပိုမိုပါဝင်လာရေးကို လှုံ့ဆော်ပေးလျက်ရှိသည်ဟု ဆိုနိုင်သည်။ သို့သော် NATO အဖွဲ့နှင့် ဂျပန်၊ တောင်ကိုရီးယားတို့ကြား ပူးပေါင်းဆောင်ရွက်မှုများကို တရုတ်နိုင်ငံကသာမက အာရှ-ပစိဖိတ်ဒေသတွင်းရှိနိုင်ငံများက အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ပြောင်းလဲလာသည့် အခြေအနေများအပေါ် မူတည်၍ ၎င်းတို့၏မူဝါဒများကို ပြောင်းလဲနိုင်ဖွယ်ရှိသောကြောင့် အာရှ-ပစိဖိတ်ဒေသတွင် NATO အဖွဲ့ကြောင့် တင်းမာမှုများပိုမိုထွက်ပေါ်လာနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*Ref: Sputnik, GT*

---

နယူးဒေလီ၊ ရာဇဝတ်မှု

# အိန္ဒိယတွင် လူ ၁၀၀ ကျော်သေဆုံးသည့် လူအုပ်ပြိုကျမှုနှင့် ဆက်နွှယ်သူခြောက်ဦးအား ရဲတပ်ဖွဲ့ဖမ်းဆီး



အိန္ဒိယနိုင်ငံမြောက်ပိုင်း အွတ်တာပရာဒေ့ရှ်ပြည်နယ်တွင် လူ၁၀၀ ကျော်သေဆုံးခဲ့သည့် လူအုပ်ပြိုမှုနှင့် ဆက်နွှယ်သူခြောက်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇူလိုင်လ ၄ ရက်တွင် ထုတ်ပြန်သည်။

လူအုပ်ပြိုမှုသည် ဖူရာအီမူဂါလ် ဂါဟီကျေးရွာတွင် ဇူလိုင်လ ၂ရက်က ကျင်းပသည့် ဘာသာရေးပွဲတော်တစ်ခု၌ ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် လူပေါင်း ၁၂၁ ဦးသေဆုံးခဲ့သည်။ အဆိုပါဘာသာရေးပွဲတော်သို့ လူ ၈၀၀၀၀ ခန့်သာ တက်ရောက်ရန် အာဏာပိုင်များက ခွင့်ပြုထားသော်လည်း ပွဲတော်စီစဉ်သူများက ၂၅၀၀၀၀ ခန့်တက်ရောက်စေခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့၏ ကနဦးထုတ်ပြန်ချက်အရ သိရသည်။

ရဲတပ်ဖွဲ့သည် အဆိုပါလူသေဆုံးမှုများနှင့်ဆက်နွှယ်သည့် ပွဲတော်စီစဉ်သူခြောက်ဦးအား ဖမ်းဆီးထားသည်။ ဖမ်းဆီးခံရသူများတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးပါဝင်ကြောင်း၊ ၎င်းတို့သည် လူအုပ်ပြိုကျမှုဖြစ်ပွားစဉ်အခင်းဖြစ်ရာမှ ထွက်ပြေးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ သို့သော် ဖမ်းဆီးခံထားရသူများမှာ မည်သူမည်ဝါဖြစ်ကြောင်းကို ရဲတပ်ဖွဲ့က ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

*Ref: ST*

အက်စတာနာ၊ နိုင်ငံရေး

# ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ မေလနောက်ပိုင်း ဒုတိယအကြိမ်တွေ့ဆုံ



ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ယခုနှစ် မေလနောက်ပိုင်း ဒုတိယအကြိမ်အဖြစ် ကာဇက်စတန်နိုင်ငံ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

သမ္မတပူတင်နှင့် သမ္မတရှီကျင့်ဖျင်တို့သည် ကာဇက်စတန်နိုင်ငံ မြို့တော် အက်စတာနာ၌ ဇူလိုင်လ ၃ ရက်တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင်နိုင်ငံများ ထိပ်သီးဆွေးနွေးပွဲ၏ ဘေးပန်းဆွေးနွေးပွဲ၌ တွေ့ဆုံကြခြင်းဖြစ်သည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတွင် အကောင်းဆုံးအခြေအနေသို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရုရှားသမ္မတပူတင်က တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ပြောကြားသည်။ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် သာတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုနှင့် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အခြားနိုင်ငံက လေးစားမှုတို့အပေါ် အခြေခံ၍ တိုးတက်လာခြင်းဖြစ်ကြောင်း တွေ့ဆုံပွဲတွင် သမ္မတပူတင်က ဆက်လက်ပြောကြားသည်။

အလားတူပင် ရုရှားနှင့် တရုတ်နိုင်ငံတို့အနေဖြင့် မဟာဗျူဟာမြောက် ညှိနှိုင်းဆောင်ရွက်ခြင်းကိုတိုးမြှင့်၍ အခြားပြင်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကို ဆန့်ကျင်သင့်ကြောင်း သမ္မတရှီကျင့်ဖျင်က တုံ့ပြန်ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံသည် သမိုင်း၏အမှန်တရားဘက်တွင်သာ အမြဲရပ်တည်လျက်ရှိပြီး နိုင်ငံရေးအရဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကျင်းပနိုင်ရေး စသည့်အပြုသဘောဆောင်သည့် ကြိုးပမ်းမှုများလုပ်ဆောင်ရန်လိုလာကြောင်း သမ္မတရှီကျင့်ဖျင်က ထပ်လောင်းပြောကြားသည်။

ကာဇက်စတန်နိုင်ငံတွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ ထိပ်သီးဆွေးနွေးပွဲသို့ တူကီယဲသမ္မတ အယ်ဒိုဂန်အပါအဝင် အခြားအဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များတက်ရောက်ခဲ့ပြီး ဘယ်လာရုနိုင်ငံအနေဖြင့် ဒသမမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာရန် မျှော်မှန်းထားကြောင်း သိရသည်။

*Ref: Bloomberg*

ကွာလာလမ်ပူ၊ မတော်တဆမှု

# ကွာလာလမ်ပူလေဆိပ်ရှိ စက်မှုလုပ်ငန်းဌာနတစ်ခုတွင် ဓာတုပစ္စည်းယိုဖိတ်မှုဖြစ်ပွား



မလေးရှားနိုင်ငံ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လေယာဉ်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းဌာနတစ်ခုတွင် ဇူလိုင်လ ၄ ရက်က ဓာတုပစ္စည်းယိုဖိတ်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၀ ခန့် ထိခိုက်ခဲ့ရကြောင်း ဆီလန်ဂေါပြည်နယ် မီးသတ်ဌာနက ထုတ်ပြန်သည်။

ဓာတုပစ္စည်းယိုဖိတ်မှုသည် လေဆိပ်ရှိ ဆီပန်တောင်ပိုင်းထောက်ပံ့ရေးဇုန် လေယာဉ်ထိန်းသိမ်းရေးလုပ်ငန်းဌာနတွင် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၃ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။ ယင်းနောက်တွင် မီးသတ်တပ်ဖွဲ့က အရေးပေါ်ဖုန်းခေါ်ဆိုမှုများလက်ခံရရှိပြီးနောက် အခင်းဖြစ်ပွားရာနေရာသို့ ဘေးအန္တရာယ်ရှိပစ္စည်းများဖယ်ရှားရှင်းလင်းရေးအဖွဲ့အား စေလွှတ်ခဲ့ကြောင်း ပြည်နယ်မီးသတ်ဌာနက ပြောသည်။

ဓာတုပစ္စည်းယိုဖိတ်မှုကြောင့် ထိခိုက်ခဲ့ရသူများမှာ လေဆိပ်ဝန်ထမ်းများဖြစ်ပြီး ၎င်းတို့သည် မူးဝေခြင်းများကို ခံစားခဲ့ရကြောင်း၊ တာဝန်ရှိသူများက ၎င်းတို့အား နီးစပ်ရာဆေးရုံနှင့် ဆေးကုသရေးဌာနများသို့ ပို့ဆောင်ပေးခဲ့ရသည်။

လေဆိပ်ရှိ လေယာဉ်ထိန်းသိမ်းရေးလုပ်ငန်းဌာနတွင် ဓာတုပစ္စည်းယိုဖိတ်မှုဖြစ်ပွားခဲ့သော်လည်း လေဆိပ်၏လုပ်ငန်းလည်ပတ်မှုများတွင် ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

*Ref: ST*

မနီလာ၊ စစ်ရေး

# နိုင်ငံအတွင်းဖြန့်ကြက်ထားသည့် အမေရိကန် တာလတ်ပစ်ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်ဖယ်ရှားမည်



ဖိလစ်ပိုင်နှင့်အမေရိကန်တို့ကြား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် နိုင်ငံအတွင်း၌ ဖြန့်ကြက်ထားသည့် အမေရိကန် တာလတ်ပစ်ဒုံးကျည်စနစ်ကို ဖယ်ရှားပစ်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင်လ ၄ ရက်တွင် ပြောသည်။

အမေရိကန်စစ်ဘက်သည် ဖိလစ်ပိုင်နိုင်ငံနှင့် ပူးတွဲပြုလုပ်ခဲ့သည့် Balikatan နှင့် Salaknib စစ်ရေးလေ့ကျင့်မှုတွင် အသုံးပြုရန်အတွက် SM-6 ဒုံးကျည်နှင့် Tomahawk မြေပြင်တိုက်ခိုက်ရေးဒုံးကျည်များကိုပစ်ခတ်နိုင်သည့် တာလတ်ပစ်ဒုံးကျည်စနစ်အား ဖိလစ်ပိုင်မြောက်ပိုင်းတွင် ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်တပ်မတော်မှ စစ်သည်များအား အဆိုပါ Typhon ဒုံးကျည်စနစ်အား ကိုင်တွယ်အသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို လေ့ကျင့်သင်ကြားပေးခဲ့သော်လည်း ကျည်စစ်ကျည်မှန်ဖြင့်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုတွင် ယင်းဒုံးကျည်စနစ်အား အသုံးပြုလေ့ကျင့်ခဲ့ခြင်းမရှိကြောင်း ဖိလစ်ပိုင်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး လူဝီဒီမာအာလာက ပြောသည်။ အဆိုပါ ဒုံးကျည်စနစ်အား ဖိလစ်ပိုင်က ယခုနှစ် စက်တင်ဘာလတွင် သို့မဟုတ် ထိုထက်ပိုစော၍ နိုင်ငံအတွင်းမှ ဖယ်ရှားသွားရန်စီစဉ်ထားကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အမေရိကန်၏အဆိုပါ ဒုံးကျည်စနစ်ရှိနေခြင်းသည် တရုတ်နိုင်ငံကို အမျက်ထွက်စေခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင် ပဲ့ထိန်းဒုံးကျည်စနစ်များ ဖြန့်ကြက်ခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံက သည်းခံရာတွင် သတ်မှတ်ချက်အတိုင်းအတာရှိကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီး တုန်းကျွမ်က ပြီးခဲ့သည့်လအတွင်း၌ သတိပေးပြောကြားခဲ့ကြောင်းသိရသည်။

*Ref: PS, ST*

ဆန်ဖရန်စစ္စကို၊ မတော်တဆမှု

# အမေရိကန်ရှိ Javelin ဒုံးကျည်ထိပ်ဖူး ထုတ်လုပ်သည့်စက်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွား

အမေရိကန်ပြည်ထောင်စုတောင်ပိုင်း အာကင်ဆပ်ပြည်နယ်ရှိ လက်နက်ထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံးလူနှစ်ဦးပျောက်ဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း စက်ရုံမှ တာဝန်ရှိသူများက ပြောသည်။

ပေါက်ကွဲမှုသည် ပြည်နယ်မြို့တော် လစ်တဲရော့ တောင်ဘက် ၁၃၈ ကီလိုမီတာအကွာ ကမ်ဒင်မြို့ရှိ General Dynamics ခဲယမ်းနှင့်နည်းဗျူဟာမြောက် လက်နက်စနစ်ထုတ်လုပ်ရေးစက်ရုံ၌ ဇူလိုင်လ ၃ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီကျော်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း စက်ရုံမှ ပြောရေးဆိုခွင့်ရှိသူ ဘာကလေ ဝါလေက သတင်းထောက်များကိုပြောသည်။

မည်သည့် အကြောင်းရင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရခြင်းကို စုံစမ်းဖော်ထုတ်ရန် စက်ရုံမှတာဝန်ရှိသူများက အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စက်ရုံမှထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

စက်ရုံအတွင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စက်ရုံ၏ထုတ်လုပ်မှုများကိုရပ်ဆိုင်းခဲ့ရကြောင်း စက်ရုံမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။ အဆိုပါစက်ရုံသည် ယူကရိန်းနိုင်ငံသို့ပေးပို့နေသည့် Javelin အမျိုးအစား ဒုံးကျည်ထိပ်ဖူးများအပါအဝင် အခြားဒုံးကျည်များအတွက် ထိပ်ဖူးများကို ထုတ်လုပ်လျက်ရှိသည့် စက်ရုံဖြစ်ကြောင်း သိရသည်။

*Ref: RT, Xinhua*



နေပြည်တော် ဇူလိုင် ၄

## မကွေးတိုင်းဒေသကြီးအတွင်း မြေပဲ၊ နှမ်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ကွင်းဆင်းဆောင်ရွက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ငွေးချိုအုပ်စုရှိ တောင်သူများနှင့်တွေ့ဆုံ၍ မြေပဲ၊ နှမ်း၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်ရေး ဆွေးနွေးကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများအကြား စဉ်ဆက်မပြတ် ထိတွေ့မှုရှိစေရေးအတွက် အီလက်ထရွန်နစ် ဆက်သွယ်မှုနည်းပညာအပါအဝင် သင့်လျော်သည့်နည်းလမ်းများကိုအသုံးပြုပြီး တောင်သူ့အခက်အခဲနှင့် လိုအပ်ချက်ကို သိရှိကူညီဆောင်ရွက်ပေးနိုင်ရေးကြိုးပမ်းပေးကြရန်လိုကြောင်း၊ စိုက်ပျိုးမြေများအားလုံး ကွက်ပြည့်စိုက်ပျိုးနိုင်ရေးနှင့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး ထိန်းကျောင်းကြပ်မတ်ရန်လိုအပ်ကြောင်း၊ အခြေအနေပေးသည့်ဒေသများတွင် မြေလပ်မထားဘဲ သင့်လျော်သည့် သီးနှံပုံစံဖြင့် တစ်နှစ်ပတ်လုံး အောင်အောင်မြင်မြင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းကူညီအားပေးကြရန် လိုအပ်သကဲ့သို့ တစ်ဧကတွင်ဝင်ဆံ့သည့် အပင်ရေအပြည့်စိုက်ပျိုးနိုင်ရေးအပါအဝင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်ဧကနှင့် အထွက်နှုန်းဆိုင်ရာ အချက်အလက်ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်စေရေးတို့ကို အလေးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်ပန်းတောင်းမြို့နယ် ကြံစို့ကျေးရွာ ကွင်းအမှတ် (၂၀၀၇)ရှိ တောင်သူဦးအောင်မောင်း၏ စိုက်ကွင်းတွင်စိုက်ပျိုးထားသည့် ဆီထွက်သီးနှံအထူးဇုန်(မိုးနှမ်း) စိုက်ခင်းဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နှမ်းသီးနှံမျိုးကောင်းမျိုးသန့်များ ပြောင်းလဲအသုံးပြုနိုင်ရေးနှင့် နှမ်းစိုက်နည်းစနစ်ဆိုင်ရာများ အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၄

## အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီအစည်းအဝေးကျင်းပ



၂၀၂၄ ဘဏ္ဍာနှစ်အတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) Orientation ခန်းမ၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အာဆီယံနှင့် ပတ်သက်ပြီး လူကိုယ်တိုင်ပါဝင်တက်ရောက်သည့် အိမ်ရှင်အဖြစ် လက်ခံဆောင်ရွက်ရမည့် ဒုတိယအကြိမ်အစည်းအဝေးလည်း ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် အာဆီယံနိုင်ငံများရှိ စာကြည့်တိုက်များနှင့် မော်ကွန်းတိုက်များမှ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေကြသည့် ပညာရှင်များ၏ နည်းပညာများနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်းဝေမျှသွားမည်ဖြစ်သည့်အတွက် မတူကွဲပြားသည့် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးဆိုင်ရာနည်းပညာရပ်များနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ပညာရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ၊ အတွေ့အကြုံများ၊ နည်းပညာများဖလှယ်ခြင်းအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများပြုပြင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများတွင် ပါဝင်သောအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုစေလိုကြောင်းပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးဌာနများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၄

## တရားမဝင်ဓာတ်အားသုံးစွဲမှုများအား စစ်ဆေးဖော်ထုတ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေး ကွင်းဆင်းစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌဦးအောင်ကျော်ဦးသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်းမြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့ရှိ လျှပ်စစ်ရုံးများသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မီတာယူနစ်များအား စနစ်တကျမှန်ကန်စွာဖတ်ရှု၍ မှတ်တမ်းရေးသွင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများအား စစ်ဆေးဖော်ထုတ်အရေးယူရေး၊ စီးပွားရေးလုပ်ငန်းများ သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံရရှိရေး၊ မီတာချို့ယွင်းမှုများတွေ့ရှိပါက သတ်မှတ်ထားသည့် လျှပ်စစ်ပုံစံတွင် စနစ်တကျရေးသွင်း၍ တာဝန်ရှိသူအဆင့်ဆင့်ထံတင်ပြရေး၊ မီတာယူနစ်ဖတ်ချက်များမှန်ကန်ကြောင်း မီးသုံးသူမှ အတည်ပြုလက်မှတ်ရေးထိုးရေးတို့ကို အသေးစိတ်မှာကြားပြီး မြို့နယ်များတွင် ဇူလိုင်လ ၁ ရက်မှ ၅ ရက်အထိ ဇွန်လအတွက် မီတာဖတ်ရှုနေမှုများအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

ဓာတ်ပုံ – YESC

သစ္စာ(mna)



မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရန်ကုန်  ဇူလိုင်  ၄

# အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း ရွှေတံဆိပ်ဆွတ်ခူး




အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၂၁) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် မြန်မာအသင်းက အိမ်ရှင် အင်ဒိုနီးရှားအသင်းကို အနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာအသင်းသည် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ထိုင်းအသင်းနှင့်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

(၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ကစားခဲ့ရာ အကြိတ်အနယ်ရှိခဲ့ပြီး ပထမပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းက ၁၅ မှတ် ၅ မှတ်ဖြင့် အပြတ်အသတ် အသာစီးရရှိပြီး အနိုင်ရရှိခဲ့သည်။

ထို့နောက် ဒုတိယပွဲစဉ်တွင် မြန်မာအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ၁၅ မှတ် ၁၃ မှတ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့ပြီး နောက်ဆုံးတတိယပွဲစဉ်တွင်လည်း မြန်မာအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ကာ ၁၇ မှတ် ၁၆ မှတ်ဖြင့် ထပ်မံအနိုင်ရရှိခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ မြန်မာအသင်းသည် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပြိုင်ပွဲတွင်လည်း ဒုတိယမြောက် ငွေတံဆိပ်ဆွတ်ခူးထားကြောင်း သိရသည်။

**စည်သူအောင်**

ရန်ကုန်  ဇူလိုင်  ၄

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး ကျန်နှစ်ပွဲသရေရလဒ်ထွက်ပေါ်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့၌ကျင်းပရာ ISPE ယူ-၂၀ အသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး ကျန်နှစ်ပွဲတွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ISPE ယူ-၂၀ အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE ယူ-၂၀ အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၆၃ မိနစ်တွင် နေဒွန်းက သွင်းယူနိုင်ခဲ့သည်။

အလားတူ တောင်ဒဂုံအားကစားကွင်း၌ ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းနှင့် မဟာယူနိုက်တက် ယူ-၂၀အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၇ မိနစ်တွင် ထက်အောင်လွင် ကလည်းကောင်း၊ ပွဲချိန် ၅၉ မိနစ်တွင် ခွန်မြင့်ဆွေကလည်းကောင်း၊ မဟာယူနိုက်တက် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၅ မိနစ်တွင် လွန်းတင်ကလည်းကောင်း၊ ပွဲချိန် ၈၄ မိနစ်တွင် နေလင်းအောင် ကလည်းကောင်းအသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ပွဲစဉ်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း နှစ်သင်းလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း
(အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇
We Protect The Family


နေပြည်တော်   ဇူလိုင်   ၄

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့်မော်တော်ယာဉ်များဖမ်းဆီးရမိ

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၃)လုံး အတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Foot Valve ရေပိုက်အဆို့ရှင် (၁၃၄၁) ကီလိုဂရမ်နှင့် Diesel Generating 55 KVA မီးစက်(၂)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၄၃၆၈၅)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁၀)လုံးအတွင်းမှသွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် GI Hollow Pipe ကီလိုဂရမ် (၅၆၁၃၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၅၀၁၁၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၄၄၇၈၅)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ **ဇူလိုင်လ ၃ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ပဲခူးမြစ်လမ်းနှင့်ရတနာလမ်းဆုံတွင် လိုင်စင်မဲ့ Mini Cooper မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) နှင့် အင်းစိန်မြို့နယ်၊ ဗဟိုလမ်းအနီး၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်းမြို့နယ်)၊ စက်မှုဇုန် (၂)၊ ဒီပဲယင်းဝန်ထောက်ဦးမြလမ်း၊ အမှတ် (၁၂၀/၁၂၁)၌ တရားမဝင်ကျွန်းသစ် (၁၂ ဒသမ ၅၆၇) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၅၃၁၄၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၅၃၁၄၃)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၃ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ အခြားသစ်(၃ ဒသမ ၀၇၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၉၅၅)နှင့် ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၌ တရားမဝင် သစ်ခုတ်ရာတွင် အသုံးပြုသည့် သစ်စက်အင်ဂျင်(၁)လုံးနှင့် ဆက်စပ်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၇၉၅၅)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၄ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ(သုည ဒသမ ၂၈၀) တန်၊ အခြားသစ် (သုည ဒသမ ၈၆၆)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၈၅၈)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်၌ လိုင်စင်မဲ့ New Anbo 125 မော်တော်ဆိုင်ကယ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၉၀၉၇၄၁)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

**ကျောဖုံးမှအဆက်**

One Stop Service ဌာနဆိုင်ရာအဖွဲ့များဖွဲ့စည်း၍ လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရှိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းရရှိမှု (၄၃)ကြိမ်ရရှိခဲ့ပြီး သတင်းမှား(၈)ကြိမ်၊ နောက်ကျသတင်း(၂)ကြိမ်နှင့် ဖမ်းဆီးရမိမှု (၃၃)ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ (၆၁)မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း (၇၀)မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၀၉၅ ဒသမ ၅၀)သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။











၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းဖမ်းဆီးရမိမှု။

၂၀၂၄ ခုနှစ် ဇွန်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် (၁၀၉၅ ဒသမ ၅၀)သန်း၏ ၂၀% ဖြစ်သောကျပ် (၂၁၉ ဒသမ ၁)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာ တာဝန်ရှိသူများက သတင်းပေးဆုကြေးငွေ (၁၈၈ ဒသမ ၁၆၄) သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လအတွင်း မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍လည်း လစဉ်သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiill-egaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၄

# ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခိုးမှု ၃ မှုနှင့် ခိုးမှု(မသင်္ကာ) ၂ မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၇) ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အိမ်အမှတ်(၇၆၄) နေ ဦးဒွန်ထက်ရှိန်၏ နေအိမ်အိပ်ခန်း အတွင်းရှိ ခရီးဆောင်အိတ်အတွင်းထည့်ထားသည့် ရွှေတုံး(၂)တုံးနှင့် ရွှေထည်ပစ္စည်းမျိုးစုံ (၃၁)မျိုး၊ မြန်မာကျပ်ငွေ (၈၁၈၀၅၅၀၀)ကျပ်တန်ဖိုးရှိ နိုင်ငံခြားသုံးငွေများ၊ စုစုပေါင်း တန်ဖိုးငွေ (၁၅၉၈၁၅၉၀၀) ကျပ်ခန့်ခိုးယူခံထားရကြောင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မ ရဲစခန်းတွင် (ပ)၃၀၇/၂၀၂၄၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်ခဲ့သဖြင့် တရားခံများဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခင်းဖြစ်ရပ်သို့ သွားရောက်စစ်ဆေးပြီး တရားခံများဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၅၈) ရပ်ကွက်နေ ငရဲ(ခ)ထက်ဦး(၂၉)နှစ် (ဘ)ဦးစိုးအား ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ စွန်တနီးကျေးရွာအုပ်စု၊ မြစိမ်းကျေးရွာတွင် ဇွန်လ ၁၄ ရက်နေ့ ည ၆ နာရီခွဲတွင်လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ ပြည့်စုံ(ခ)ကုလား(၂၉)နှစ် (ဘ)ဦးဝင်းတင်အား ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ် (၂၆)ရပ်ကွက်ရှိ SKY KTV တွင် ဇွန်လ ၁၅ ရက်နေ့ ည ၁၁ နာရီတွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။




ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ခိုးမှု ၃ မှုနှင့် ခိုးမှု(မသင်္ကာ) ၂ မှုကျူးလွန်သူ တရားခံအမျိုးသား ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိသူ တရားခံများဖြစ်သည့် ငရဲ(ခ)ထက်ဦးနှင့် ပြည့်စုံ(ခ)ကုလားတို့၏ထွက်ဆိုချက်အရ သက်သေခံပစ္စည်းများဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၀၀ တန် (၁၈၈)ရွက်၊ တိုင်ချက်မပါ နိုင်ငံအချို့မှ ငွေအကြွေစေ့မျိုးစုံ(၃၂)စေ့၊ တန်ဖိုးငွေ (၆၉)သိန်းကျပ်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ (၆)မျိုး၊ အမေရိကန်ဒေါ်လာများအား ရောင်းချရရှိငွေများအနက်မှ ကျန်ရှိသည့် မြန်မာကျပ်ငွေ(၂၃၅)သိန်းကျပ်၊ လက်ကိုင်ဖုန်း ၂ လုံးတို့အား ၎င်းတို့၏နေအိမ်အသီးသီးတွင် သိမ်းဆည်းရမိခဲ့ပြီး ကျန်သက်သေခံပစ္စည်းများနှင့် ၎င်းတို့၏ ခိုးရာပါသက်သေခံပစ္စည်းများအား ထုခွဲရောင်းချပေးသူ ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းလင်း(စိစစ်ဆဲ)မှ ယူဆောင်ထွက်ပြေးလျက်ရှိကြောင်းဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ဖမ်းဆီးရမိတရားခံများအား အခြားပြစ်မှုများကျူးလွန်ထားရှိမှု ရှိမရှိ အသေးစိတ် ဆက်လက်စစ်ဆေးရာ တရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ ၃ ဦးသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အမှတ်(၇၈)ရပ်ကွက်၊ အိမ်အမှတ်(၆၄၀)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေ(၁၉၇)သိန်းကျပ်အား ခိုးယူခဲ့ကြောင်း၊ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလားနှင့် ချစ်ကို(ခ)လက်ပွားတို့ ၃ ဦးသည် သာကေတမြို့နယ်၊ (၆/အနောက်) ရပ်ကွက်၊ ဇမ္ဗူသီရိလမ်း၊ အိမ်အမှတ် (၁၉၃/ခ)မှ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေ(၉၅၃၅၃၀၀)ကျပ်အား ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုကျူးလွန်၍ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်ကြသည့် ဟိန်းထက်ဇော်(ခ)အသေးလေးနှင့် ချစ်ကို(ခ)လက်ပွားတို့အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇွန်လ ၁၆ ရက်နေ့ နေ့လယ်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၆၀)ရပ်ကွက်နေ ဟိန်းထက်ဇော်(ခ)အသေးလေး(၂၃)နှစ် (ဘ)ဦးဇော်ဝင်းနှင့် ဒလမြို့နယ်၊ တံတားကျောင်းကျေးရွာနေ ချစ်ကို(ခ)လက်ပွား(၂၂)နှစ် (ဘ)ဦးဖိုးချိုတို့အား ၎င်းတို့၏နေအိမ်အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အမှု(၂)မှုမှ သက်သေခံပစ္စည်း တန်ဖိုးငွေ(၂၆၁)သိန်းကျပ်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၅ ကျပ်သား ၁၁ ပဲအား ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦး၊ ပြည့်စုံ(ခ)ကုလား၊ ချစ်ကို(ခ)လက်ပွားနှင့် ဟိန်းထက်ဇော်(ခ)အသေးလေးတို့ ၄ ဦးအား ဆက်လက်စစ်ဆေးရာ ၎င်းတို့ ၄ ဦးသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၇) ရပ်ကွက်ရှိ နေအိမ်တစ်လုံးမှ Vivo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်းတစ်လုံး ခိုးယူခဲ့ပြီး ဧပြီလအတွင်းတွင် အဆိုပါရပ်ကွက်ရှိ နေအိမ်တစ်လုံးအတွင်းမှ လက်ကိုင်ဖုန်းမျိုးစုံ(၃)လုံး ခိုးယူခဲ့ကြောင်း ထပ်မံဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့ ၄ ဦးအား အမှုတစ်ခုချင်းစီအတွက် အမှုအသီးသီး ထပ်မံဖွင့်လှစ်ခဲ့သည်။

ဖြစ်စဉ်တွင် ခိုးမှု ၃ မှု၊ ခိုးမှု(မသင်္ကာ) ၂ မှုတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး အမှုများမှ ဖမ်းဆီးရမိတရားခံ ငရဲ(ခ)ထက်ဦးပါ ၄ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး သက်သေခံရွှေထည်ပစ္စည်း၊ ငွေကြေးများနှင့်အတူ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်တရားခံ ထွန်းထွန်းလင်းအား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဇူလိုင် ၄

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Khin Khin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၁၆/၃)ရပ်ကွက်နေ ခင်စန်းတင့်(ခ)အမွန်အား မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "မာနမိုး" Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အမှတ် (၃)ရပ်ကွက်နေ ခင်မို့မို့လွင်(ခ)မိုးမိုးအား မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ "Tun Tun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ပုလင်းကျေးရွာနေ သိန်းသန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

ပေါင် ဇူလိုင် ၄

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းလက်ကမ်းစာစောင်များဖြန့်ဝေ

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက် မင်္ဂလာဈေး၌ ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပေါင်မြို့နယ် ဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများကအောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်းသိရသည်။

(၄၀၆)

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၄-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၂၅၃။ | ကွယ်လွန်သူ ဦးလှတင်အားရည်စူး၍ ဒေါ်သိန်းမြင့် မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၂၅၄။ | သုခမ္မမဏိဇောတမရ ဦးမြင့်စိုးထွန်းနှင့်ဇနီး ဒေါ်ချိုချိုသင်း၊ (သမီး)မချိုသဥ္ဇာစိုးမိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၂၅၅။ | ဦးစိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၂၅၆။ | ဦးကျော်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၂၅၇။ | ကွယ်လွန်သူ ဦးသောင်းထွဋ်အားရည်စူး၍ ဇနီး ဒေါ်စိုးစိုး (သား)မောင်ကောင်းဆက်၊ မောင်ကောင်းမြတ် မိသားစုကောင်းမှု | ၃၁၂၅၀၀ |
| ၉၂၅၈။ | ဖခင်ကြီး ဦးမြင့်ဆွေနှင့် မိခင် ဒေါ်တင်တင်တို့၏မွေးနေ့ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၅၉။ | ကွယ်လွန်သူ ဦးတင်မောင်အေးအားရည်စူး၍ ဒေါ်စမ်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၂၆၀။ | ဆံတော်ဝိုင်းကျောင်းဆရာတော် ဦးဇောတိကကောင်းမှု | ၁၅၀၀၀၀ |
| ၉၂၆၁။ | ဒေါက်တာပိုင်ခန့်မိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၉၂၆၂။ | ဒေါ်ခင်လှတင့်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၃။ | ဦးထွန်းအေးနှင့်ဇနီး ဒေါ်ခိုင်နှင်းဖြူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၂၆၄။ | ဦးသန်းဌေးနှင့်ဇနီး ဒေါ်အမာမြင့်၊ (သား)ကိုဇင်မင်း၊ ကိုဟိန်းထက်၊ (သမီး) မချစ်စုမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၅။ | ဦးဟိန်းထက်နှင့်ဇနီး ဒေါ်နီလာသန်း၊ (သမီး)မအေးပြည့်ပိုင်၊ (သား)မောင်ထက်နိုင်ထူး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၆။ | ဦးဇင်မင်းနှင့်ဇနီး ဒေါ်စုလဲ့မြင့်၊ (သား)မောင်ညဏ်ရဲထက် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၇။ | ဦးစိုးလင်းနှင့်ဇနီး ဒေါ်စုစုနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၈။ | ဦးအောင်သန်းထွန်းနှင့်ဇနီး ဒေါ်အေးမမပိုင်မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၆၉။ | ဦးစိန်လွင်နှင့် ဒေါ်တင်တင်သန့်တို့အားအမှူးထား၍ (သား) ကိုထင်အောင်လွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၀။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးသန်းအေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၁။ | ကွယ်လွန်သူ ဗိုလ်မှူးအောင်သိန်း(ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၂။ | ဗိုလ်ကြီးပြည့်လျှံဦးနှင့်ဇနီး ဒေါ်ရွှေရည်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၃။ | ဦးအောင်ဆန်းဝင်းနှင့် ဒေါ်မြင့်အေး၊ မလဲ့ဝင်း၊ မောင်ချမ်းငြိမ်းရွှေနှင့်ဇနီး မဇင်ဇင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၄။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်ယုယုခိုင်၊ (သမီး)မခင်သွန်းဝတီဇော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၅။ | ကွယ်လွန်သူ နှစ်ဖက်မိဘများအားရည်စူး၍ သား၊ သမီး၊ မြေးများဖြစ်ကြသော ဦးမိုးမြင့်နှင့်ဇနီး ဒေါ်သင်းသင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၆။ | ကွယ်လွန်သူ ဒေါ်အေးအေးသန်းအားရည်စူး၍ ဦးဝင်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၇။ | ဦးဝဏ္ဏကျော်ထင်၊ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ခင်နီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၈။ | ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၇၉။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးသန်းလင်းနှင့်ဇနီး ဒေါ်ခင်ထွေးရီ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၀။ | ကွယ်လွန်သူများဖြစ်ကြသော ဦးစိုးရနှင့် ဒေါ်ညွန့်ရီ၊ ဒေါ်ကျင်နွဲ့တို့အားရည်စူး၍ ညီမဖြစ်သူ မခင်စန်းနွဲ့ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၁။ | ကွယ်လွန်သူ ဦးခင်မောင်ဝင်းအားရည်စူး၍ ဒေါ်ခင်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၂။ | ဒေါ်ခင်မြမြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၃။ | ဦးဝင်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၂၈၄။ | ကိုအောင်ကျော်စိုးနှင့်ဇနီး မဆွေဆွေအောင် မိသားစု ကောင်းမှု | ၆၈၀၀၀ |
| ၉၂၈၅။ | ဦးသိန်းတန်နှင့်ဇနီး ဒေါ်ခင်မေဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၆။ | ဦးမိုးကျော်အောင်နှင့်ဇနီး ဒေါ်တိုးတိုးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၇။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်ညိုညိုအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၈။ | ဦးမြို့ဖေနှင့်ဇနီး ဒေါ်စန်းမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၈၉။ | ကွယ်လွန်သူ ဦးတင်မောင်နိုင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၀။ | ဒေါ်သန်းတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၁။ | ဦးရဲလင်းထိုက်နှင့်ဇနီး ဒေါ်ဖြူစင်ဝင်း၊ (သမီး) မခင်သော်တာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၂။ | ဦးဇေယျပြုံးနှင့်ဇနီး မအေးခမ်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၃။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်ညိမ်းအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၄။ | ဦးကျော်ခိုင်ထွန်းနှင့်ဒေါ်ယုဇနစိုး၊ ဦးတင်ထွန်းအောင်နှင့် ဒေါ်ပြုံးပြုံးခိုင်စိုး၊ ဦးသန်းဇော်နှင့် ဒေါ်ထွန်းမြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၅။ | ကိုသန်းစိုးဝင်းနှင့်ဇနီး မယဉ်ယဉ်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၆။ | ဦးစောသန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၇။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၈။ | ဦးဇော်ဝင်းထွေးနှင့်ဇနီး ဒေါ်စန်းစန်းကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၂၉၉။ | ဒေါ်ခင်သောင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၀။ | ဦးမောင်ညိုနှင့်ဇနီး ဒေါ်ပြုံးပြုံးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၁။ | ကိုမင်းချမ်းမွန်နှင့်ဇနီး မခိုင်ဇင်မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၂။ | ဒေါ်စန်းစန်းသော်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၃။ | ဒေါ်မြင့်မြင့်အေး၊ (သား) မောင်ဇော်မြင့်ခိုင်၊ မောင်ကျော်မြင့်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၄။ | ဦးလင်းမြတ်နှင့် လုပ်သားများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၅။ | ကွယ်လွန်သူ ဦးမောင်စိန်နှင့် ဒေါ်ရှုရင်တို့အားရည်စူး၍ ဒေါ်မီမီစန်းနှင့် မောင်နှမများကောင်းမှု | ၅၀၀၀၀ |
| ၉၃၀၆။ | ဒေါ်လှလှမြိုင်၊ (မြေး)မောင်အောင်ထွဋ်မြတ် မိသားစု ကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


## ပျောက်ဆုံးကြောင်း

ကျိုက်မရောမြို့နယ်၊ တရုတ်စုရပ်ကွက်၊ တရနာကျေးရွာနေ မိသင်းသီရိဆွေ(ဘ) ဦးမင်းတင့် ၁၀/ကမရ(နိုင်)၁၆၈၂၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 791028)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၃၀၀၉၉၁**

## ပျောက်ဆုံးကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ ထန်းတပင်ရွာနေ မခိုင်မျှုသိမ့်(ဘ)ဦးသိန်းလွင် ၉/ဇဗသ(နိုင်) ၀၀၁၀၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 235163) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၆၉၆၉၁၃**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ ပန်းတိမ်တန်းရပ်၊ ဘူတာလမ်း၊ ဦးပိုင်အမှတ်(၃-ပန်းတိမ်တန်း)၊ မြေကွက်အမှတ်(၉+၃/၁၇၉)၊ ဦးထီအောင်(၉/မထလ(နိုင်)၀၄၂၆၆၆)ကိုင်ဆောင်သူမှ (အလျား ၁၆'-၀"× အနံ ၆၀'-၀") RC (၂)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ပျောက်ဆုံးကြောင်း

ခန့်ဖြိုးထွန်း(ဘ)ဦးမြင့်လေး ၅/မရန(နိုင်) ၃၄၃၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 934909)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၇၄၄၄၄၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ (ဘ)ဦးအောင်မျိုးသူ၏သမီး ၁၂/ဗဟန(နိုင်) ၁၁၂၅၅၅ ကိုင်ဆောင်သူ မချောစုလင်း(ခ) မဂျူးဂျူးစံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မချောစုလင်း(ခ)မဂျူးဂျူးစံ**

## ပျောက်ဆုံးကြောင်း

ချစ်သဲမောင်(ဘ)ဦးစိန်ဝင်း ၅/ဒပယ(နိုင်)၁၆၁၄၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 121229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၂၃၁၈၅၂၃**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဖြစ်သောကြောင့် နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေးခိုင်မာသေချာစေရန် တပ်တွင်းစည်းလုံးညီညွတ်မှုကို ကျစ်လျစ်သေချာစွာတည်ဆောက်သွားရန် အလေးအနက်ထားမှာကြားလိုက် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှကောက်နုတ်ချက်)

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိ၊ လူနေအိမ်အချို့နှင့် မူလတန်း(လွန်)ကျောင်းဆောင်တစ်ခုပျက်စီး

**နေပြည်တော် ဇူလိုင် ၄**

အကြမ်းဖက်သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အရပ်သားပြည်သူများနေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများလုပ်ဆောင်လျက်ရှိရာ ဇူလိုင်လ ၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် ရပ်ကွက်(၁)၊ နယ်မြေ(၃)အတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၁၀) နီလာလမ်းပေါ်သို့လည်းကောင်း၊ ရပ်ကွက်(၅)၊ နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်းအတွင်းသို့လည်းကောင်း၊ ရပ်ကွက်(၄)၊ နယ်မြေ(၃)အတွင်းသို့လည်းကောင်း ကျရောက်ပေါက်ကွဲခဲ့သဖြင့် အသက်(၁၂)နှစ်နှင့် (၁၄)နှစ်အရွယ် ကလေး ၃ ဦး အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ၇ ဦး သေဆုံးပြီး ပြည်သူအချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို သတင်းထုတ်ပြန်ပြီးဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ⏭

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းဖမ်းဆီးရမိမှု။

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကိုဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနကဦးဆောင်သည့်

စာမျက်နှာ ၂၉ ကော်လံ ၁ ⏭

# ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် ခိုးမှု ၃ မှုနှင့် ခိုးမှု(မသင်္ကာ) ၂ မှု ကျူးလွန်သူ တရားခံ အမျိုးသား ၄ ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

စာ - ၃၀ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။